မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၄ ]** ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် ( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၃၈/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၆) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမျိုးဝင်း ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၃၉/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

မွန်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦး ကို စစ်ဘက်မူလ တာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးကြီးနေထွန်းဦး ကို မွန်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၈၊ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း မှအဆက် ]**

## အခန်း (၆)

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းခြင်း

### စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည့်အခြေအနေ

၁၃၉။ (က) အောက်ပါအခြေအနေများတွင် အပိုင်း (၆) လုပ်ငန်းသည် ကုမ္ပဏီဖြစ်ပါက မြီရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရေးသို့ ကူးပြောင်းမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်ပိုင် လုပ်ငန်းဖြစ်ပါက တရားရုံးသည် လူမွဲခံယူခြင်းဆိုင်ရာ အမိန့်ချမှတ်ပြီး ယုံမှတ်အပ်နှံခြင်းခံရသူကို ခန့်အပ်ရမည် -

(၁) မြီရှင်များသည် ပုဒ်မ ၁၃၆ နှင့် ၁၃၇ တို့အရ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန် ဆုံးဖြတ်ခဲ့လျှင် သို့မဟုတ်

(၂) မြီရှင်များမှ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်နိုင်ခြင်းမရှိဘဲ အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ပြီးဆုံးခြင်း သို့မဟုတ် ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ (င) တွင် သတ်မှတ်ထားသည့်အချိန်အတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အကောင်အထည် ဖော်နိုင်ခြင်းမရှိခဲ့လျှင် သို့မဟုတ်

(၃) ပုဒ်မ ၁၂၃ အရ ပြုလုပ်သောအစည်းအဝေးတွင် မြီရှင်များက အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန် ဆုံးဖြတ်ခဲ့လျှင် သို့မဟုတ်

(၄) ပုဒ်မ ၁၃၈ အရ တရားရုံးက ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲမည်ဟု ဆုံးဖြတ် ခဲ့လျှင် သို့မဟုတ်

(၅) ပုဒ်မ ၁၁၂၊ ပုဒ်မခွဲ (ဃ) ပါ အခြေအနေများ ပေါ်ပေါက်ခဲ့ပြီး အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးက အဆိုပါအခြေအနေများကို ပြင်ဆင်ရန် ယင်းလုပ်ငန်းသို့ စာဖြင့်ရေးသားအကြောင်းကြားခဲ့သော်လည်း အကြောင်းကြားစာရရှိပြီး ၁၄ ရက်အတွင်း ပြင်ဆင်ခဲ့ခြင်းမရှိလျှင်။

(ခ) ကူးပြောင်းသည့်အချိန်အထိ အောက်ပါအခြေအနေများ မပေါ်ပေါက်လျှင် ဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းသို့ မကူးပြောင်းမီအချိန်အထိ ဆောင်ရွက်ခဲ့သည့် ပြန်လည် ထူထောင်ရေး အကြံပေး သို့မဟုတ် အစီအစဉ်ကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့သည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ ယုံကြည်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်ရမည် -

(၁) မြီရှင်များက အခြားလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ထားခြင်းမရှိလျှင် သို့မဟုတ်

(၂) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် ၎င်းအား ခန့်အပ်သည်ကို စာဖြင့် ရေးသား သဘောတူခြင်းမရှိလျှင်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူသည် ကူးပြောင်း ပြီးနောက် အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ထိုသို့ ကူးပြောင်း ကြောင်းကို စာဖြင့်ရေးသားအကြောင်းကြားရမည်။ ထို့ပြင် အဆိုပါ အကြောင်းကြားစာကို နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်ကာလအတွင်း သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း အများသိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် သို့မဟုတ် ပြန်လည်ထူထောင်ရေးအစီအစဉ်အား ဆောင်ရွက်နေသော အပိုင်း (၆) လုပ်ငန်းအနေဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းသို့ ကူးပြောင်းနိုင်သော အခြားအခြေအနေများကိုလည်း နည်းဥပဒေတွင် သတ်မှတ်ဖော်ပြနိုင်သည်။

## အခန်း (၇)

## မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

### အပိုင်း (၆) လုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသည် အပိုင်း (၇) နှင့်သက်ဆိုင်ခြင်း

၁၄၀။ ဤအခန်းတွင် ဖော်ပြပါရှိသည်မှအပ အပိုင်း (၇) ပါ ပြဋ္ဌာန်းချက်များသည် မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။

### လျှောက်ထားခြင်းနှင့် လျှောက်လွှာအတွက် အခွန်အခများ

၁၄၁။ မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းကို တရားရုံးသို့ လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများမှတ်ပုံတင်ရန်လျှောက်ထားခြင်းသည် ယင်းလုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်းဖြစ်လျှင် နည်းဥပဒေတွင်ဖော်ပြထားသည့် ပေးသွင်းရမည့် အခွန်အခ၏ ငါးဆယ်ရာခိုင်နှုန်းကို ပေးသွင်းရမည်။

### သက်သေအထောက်အထားနှင့် တောင်းဆိုချက်၏ ဦးစားပေးအစီအစဉ်

၁၄၂။ မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းစဉ် ယင်းလုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွယ်နေသူ၏ သက်သေထင်ရှားပြီးဖြစ်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုသည် အာမခံအကျိုးခံစားခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သို့မဟုတ် ဦးစားပေးခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ အပိုင်း (၆) လုပ်ငန်း၏ မြီရှင်အားလုံးကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတို့နှင့်နှိုင်းယှဉ်လျှင် မြီရှင်အားလုံး ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို ဦးစားပေးရမည်။

### စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပေးချေနိုင်စွမ်းမရှိသော ကုန်ကျစရိတ်များကို ကျခံရန် တာဝန်မရှိခြင်း

၁၄၃။ (က) အပိုင်း (၆) လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကုန်ကျစရိတ်များအတွက် လုပ်ငန်းတွင် လုံလောက်သောပိုင်ဆိုင်မှုမရှိပါက ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ထိုကုန်ကျစရိတ်များကို ကျခံရန်တာဝန်မရှိစေရ။

(ခ) ပုဒ်မခွဲ (က) ပါ ယေဘုယျပြဋ္ဌာန်းချက်များကို ကန့်သတ်ခြင်းမရှိစေဘဲ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်မရှိစေရ -

(၁) ပုဒ်မ ၁၇၈ တွင် ပြဋ္ဌာန်းထားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စုံစမ်းစစ်ဆေးရန် တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်း သို့မဟုတ်

(၂) အပိုင်း (၇)၊ အခန်း (၈) တွင် ပြဋ္ဌာန်းထားသည့် ၎င်းကိုယ်တိုင် သို့မဟုတ် ကုမ္ပဏီက ဆောင်ရွက်နိုင်သော စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် တောင်းဆိုမှု သို့မဟုတ် ဆောင်ရွက်မှုတစ်စုံတစ်ရာကို ဆောင်ရွက်ခြင်း၊ (စာရင်းရှင်းလင်းဖျက်သိမ်းစဉ်ကာလနှင့် ယင်းမတိုင်မီ အလွဲသုံးစားပြုခြင်း၊ ကုမ္ပဏီများနှင့် ကုမ္ပဏီအရာရှိများကို ပြစ်ဒဏ်ချမှတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုအရေးယူခြင်း . . စသည်)

(ဂ) အပိုင်း (၆) လုပ်ငန်း၏ မြီရှင် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ လျှောက်ထားချက်အရ တရားရုံးသည် သင့်သည်ထင်မြင်လျှင် မြီရှင် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများက စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ကုန်ကျခဲ့သည့်သီးခြားစရိတ်ကို မြီရှင် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများက ပြန်လည်ပေးဆပ်ရမည်ဆိုသည့် စည်းကမ်းချက်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို အပိုင်း (၆) လုပ်ငန်းအတွက် ကုန်ကျစရိတ်အချို့အား စိုက်ထုတ်ကျခံပေးစေရန် အမိန့်ချမှတ်နိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

(ဃ) ဤပုဒ်မသည် ဤဥပဒေပါ ပုဒ်မတစ်ခုခုအရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ တင်သွင်းရမည့်တာဝန်ကို ဆောင်ရွက်ခြင်းကြောင့် ကျခံရသည့်ကုန်ကျစရိတ်များကို ကင်းလွတ်ခွင့်ပြုသည်ဟု မမှတ်ယူရ။

**ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းများကို ဆောလျင်စွာ ဖျက်သိမ်းခြင်း**

၁၄၄။ (က) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ခံပြီးနောက် ကုမ္ပဏီတွင် မြီရှင်များအား ခွဲဝေပေးရန်အတွက် ပစ္စည်းတစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိလျှင် ထိုသို့တွေ့ရှိကြောင်းကို နည်းဥပဒေတွင် ဖော်ပြထားသောပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ ပေးပို့သည့်အကြောင်းကြားစာကို လက်ခံရရှိသည့် အခါ မှတ်ပုံတင်စာရင်းရေးသွင်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ အကြောင်းကြားစာ မပေးပို့မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ထိုသို့ပေးပို့မည်ကို အလုပ်လုပ်ကိုင်ရက် ၅ ရက် ကြိုတင်၍နေရပ်လိပ်စာသိရှိသော အပိုင်း (၆) လုပ်ငန်း၏ မြီရှင်အားလုံးထံသို့ အသိပေးရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရန် ကုန်ကျမည့်ကုန်ကျစရိတ်များသည် အပိုင်း (၆) လုပ်ငန်း၏ ပိုင်ဆိုင်မှုထက်ကျော်လွန်နေသည့်တိုင် လုပ်ငန်း၏မြီရှင်မှ ယင်းကုန်ကျစရိတ်ကို ပေးချေရန် တာဝန်ယူလျှင် ၎င်းမြီရှင် သို့မဟုတ် အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိမှ လုပ်ငန်းအား ဆောလျင်စွာ ဖျက်သိမ်းခြင်းမပြုရန် လျှောက်ထားလာပါက တရားရုံးသည် ပုဒ်မခွဲ (က) ပါ အကြောင်းကြားစာအား ပေးပို့ခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(င) တရားရုံးသည် အခြားနည်းအမိန့်မချမှတ်လျှင် ပုဒ်မခွဲ (က) အရ ပေးပို့သည့် အကြောင်းကြားစာကို မှတ်ပုံတင်စာရင်းရေးသွင်းသည့်နေ့မှ သုံးလပြည့်မြောက်သည့်နေ့တွင် ကုမ္ပဏီအဖြစ် မှတ်ပုံတင် ထားသောလုပ်ငန်းကို ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(စ) ပုဒ်မခွဲ (င) တွင်ဖော်ပြထားသည့် သက်တမ်းကုန်ဆုံးသွားသည့်တိုင် အပိုင်း (၆) လုပ်ငန်း၏ မြီရှင် သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦးမှ လျှောက်ထားလာပါက တရားရုံးသည် ယင်းလုပ်ငန်းအား မူလအတိုင်းမှတ်ပုံတင်ထားရှိစေရန် မှတ်ပုံတင်အရာရှိသို့ ညွှန်ကြားနိုင်သည်။

## အပိုင်း (၇)

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

## အခန်း (၁)

## ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီများအား ဖျက်သိမ်းခြင်း

## နိဒါန်း

**ဤအပိုင်းနှင့်သက်ဆိုင်ခြင်း**

၁၄၅။ (က) ဤအပိုင်းသည် အောက်ပါအဖွဲ့အစည်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင် စေရမည် -

(၁) ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီနှင့်

(၂) ကုမ္ပဏီများဥပဒေပုဒ်မ ၃ အရ မှတ်ပုံတင်ထားသော အဖွဲ့အစည်းနှင့် အဖွဲ့အစည်းအား အစားထိုးပြောင်းလဲထားသော "ကုမ္ပဏီ" ၊

(၃) အခန်း (၁၀) တွင် ဖော်ပြပါရှိပြီး အခန်း (၁၀) အရ အကျုံးဝင်သည့် အဖွဲ့အစည်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။

(ခ) ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုအား အောက်ပါနည်းလမ်း တစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းနိုင်သည်-

(၁) ဆန္ဒအလျောက်ဖျက်သိမ်းခြင်း သို့မဟုတ်

(၂) တရားရုံးက ဖျက်သိမ်းခြင်း။

**ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို ဦးစားပေးခြင်း**

၁၄၆။ ကုမ္ပဏီတစ်ခုသည် ဤဥပဒေ၏အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြုလုပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအား လုပ်ဆောင်နေလျှင် ထိုအပိုင်းများအရ ခွင့်ပြုထားသည်မှတစ်ပါး မိမိဆန္ဒအလျောက်ဖြစ်စေ၊ တရားရုံး၏ အမိန့်အရဖြစ်စေ မည်သည့်ဖျက်သိမ်းခြင်းကိုမျှ စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည့်အခြေအနေများ**

၁၄၇။ (က) ဤအခန်းအရ အောက်ဖော်ပြပါ အခြေအနေများတွင် ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည် -

(၁) ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ ကုမ္ပဏီ၏သက်တမ်းအတွက် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးလျှင် သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင် ကုမ္ပဏီကို ဖျက်သိမ်းနိုင်သည်ဟု ဖော်ပြထားသည့် အခြေအနေများဖြစ်ပေါ်ခဲ့လျှင်၊ ထို့အပြင် ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးတွင် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့လျှင် သို့မဟုတ်

(၂) ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်းကို ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင် သို့မဟုတ်

(၃) အပိုင်း (၅) နှင့် အပိုင်း (၆) တို့တွင် ဖော်ပြထားသော အခြေအနေများဖြစ်ပေါ်လျှင်။

(ခ) ဤအပိုင်းတွင် **ဆန္ဒအလျောက်ဖျက်သိမ်းခြင်းဆုံးဖြတ်ချက်** ဆိုသည်မှာ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) နှင့်အညီ ချမှတ်သော ဆုံးဖြတ်ချက်ကို ဆိုသည်။

**ကုမ္ပဏီတွင် ပါဝင်သူများနှင့် မြီရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကို ခွဲခြားခြင်း**

၁၄၈။ ပုဒ်မ ၁၅၁ အရ ဒါရိုက်တာများ၏ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကိုပြုလုပ်၍ ဖျက်သိမ်းလျှင် **ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း** ဖြစ်ပြီး အဆိုပါကြေညာချက်ကို ပြုလုပ်ခြင်းမရှိလျှင် **မြီရှင်များဆန္ဒအလျောက်ဖျက်သိမ်းခြင်း** ဖြစ်သည်။

**ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှ တရားရုံးက ဖျက်သိမ်းခြင်းအဖြစ်သို့ ပြောင်းလဲခြင်း**

၁၄၉။ ကုမ္ပဏီသည် ဆန္ဒအလျောက်ဖျက်သိမ်းခြင်းပြုရုံမျှဖြင့် မြီရှင် သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ၏ တရားရုံးက ဖျက်သိမ်းပေးရန် လျှောက်ထားခွင့်အခွင့်အရေးကို ပိတ်ပင်ခြင်းမရှိစေရ။ ထိုအခွင့်အရေးအရ ကြွေးမြီဆပ်ရန် တာဝန်ရှိသူတစ်ဦးမှ လျှောက်ထားလာလျှင် ဆန္ဒအလျောက်ဖျက်သိမ်းခြင်းဖြင့် ၎င်းတွင် နစ်နာမည်ဖြစ်ကြောင်းကို တရားရုံးကယုံကြည်ပါက ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှ တရားရုံးက ဖျက်သိမ်းခြင်း အဖြစ်သို့ ပြောင်းလဲနိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်အချိန်**

၁၅၀။ အောက်ပါအခြေအနေများတွင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည်ဟုမှတ်ယူရမည် -

(က) ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြစ်ပါက ထိုဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်သည့် အချိန်၊

(ခ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်မှ ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသွားခြင်းဖြစ်ပါက ထိုပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် စတင်သည့်အချိန်၊

(ဂ) တရားရုံး၏အမိန့်အရ ဖျက်သိမ်းခြင်းဖြစ်လျှင် -

(၁) ဆန္ဒအလျောက်ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နေချိန်တွင် အမိန့်ချမှတ်ခြင်း ဖြစ်ပါက ထိုသို့ဖျက်သိမ်းရန် ဆုံးဖြတ်ချက်ကိုချမှတ်သည့်အချိန်၊

(၂) သို့တည်းမဟုတ် ကုမ္ပဏီအား ဖျက်သိမ်းရန်လျှောက်လွှာကို စတင် တင်သွင်းသည့်အချိန်။

## အခန်း (၂)

## ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

### ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ကြွေးမြီပေးချေနိုင်ကြောင်းကြေညာချက်

၁၅၁။ (က) ပုဒ်မ ၁၄၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) ပါ အခြေအနေတို့အရ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းပြုရန် အဆိုပြုသည့်အခါ ဒါရိုက်တာများအစည်းအဝေးတွင် ဒါရိုက်တာအများစုသည် ကုမ္ပဏီ၏ ကိစ္စရပ်များကို အပြည့်အဝစုံစမ်းခဲ့ပြီး ကုမ္ပဏီသည် ဖျက်သိမ်းမှုစတင်ပြီးချိန်မှ တစ်နှစ်ထက်မကျော်သည့်ကာလအတွင်း ယင်း၏ကြွေးမြီကို အတိုးနှင့်တကွ ပေးချေနိုင်လိမ့်မည်ဟု ထင်မြင်ယူဆလျှင် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဒါရိုက်တာများ၏ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်သည် အောက်ပါအခြေအနေများတွင် အကျိုးသက်ရောက်မှုမရှိစေရ -

(၁) ဖျက်သိမ်းမှုအတွက် ဆုံးဖြတ်ချက်ချမှတ်သည့်ရက်မတိုင်မီ (၃) ပတ်အတွင်း ယင်းကြေညာချက်ကို ပြုလုပ်ခဲ့ခြင်း မရှိလျှင်၊ ထို့ပြင်

(၂) ကြေညာချက်မပြုလုပ်မီ နောက်ဆုံးရက်အထိ ကုမ္ပဏီပိုင်ပစ္စည်းများနှင့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရမည့်အချက်များ ပါဝင်သောထုတ်ပြန်ချက် ပြုလုပ်ခဲ့ခြင်း မရှိလျှင်။

(ဂ) အများပိုင်ကုမ္ပဏီ သို့မဟုတ် ယင်းအများပိုင်ကုမ္ပဏီကသာ ပိုင်ဆိုင်သောလက်အောက်ခံကုမ္ပဏီဖြစ်ပါက ပုဒ်မခွဲ (ခ) အရ ဒါရိုက်တာများက ပြုလုပ်သော ထိုကြေညာချက်ကို ယင်းကုမ္ပဏီမှ စာရင်းစစ်များ၏ ထောက်ခံသည့်အစီရင်ခံစာဖြင့် ပူးတွဲတင်ပြရမည်။

(ဃ) ထိုကြေညာချက်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(င) ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီက ယင်း၏ကြွေးမြီကို အတိုးနှင့်တကွ သတ်မှတ်သည့်အချိန်ကာလတွင် အပြည့်အဝပေးချေနိုင်လိမ့်မည်ဟု ထင်မြင်ယူဆရန် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မအရ ကြေညာချက်ပြုလုပ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်ဆယ်သိန်းထက်မပိုသည့်ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(စ) ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ပြုလုပ်ပြီးနောက် (၃) ပတ်အတွင်း ချမှတ်သည့်ဆုံးဖြတ်ချက်အရ ကုမ္ပဏီဖျက်သိမ်းခြင်းပြုပြီး ယင်း၏ကြွေးမြီနှင့် အတိုးကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အပြည့်အဝပေးချေနိုင်ခြင်းမရှိကြောင်း ဆန့်ကျင်ကွဲလွဲသည့်အထောက်အထားတင်ပြနိုင်ခြင်းမရှိလျှင် ဒါရိုက်တာ၏ ထင်မြင်ယူဆချက်အား ယုံကြည်ရန်လုံလောက်သောအကြောင်းမရှိခဲ့ဟု မှတ်ယူရမည်။

(ဆ) ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို နည်းဥပဒေအရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မှတ်ပုံတင်အရာရှိထံ ပေးပို့ခြင်းမပြုပါက ယင်းပျက်ကွက်မှုအတွက် မှတ်ပုံတင်အရာရှိသည် တာဝန်ရှိသူအရာရှိတိုင်းအား ကျပ် တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

### စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း

၁၅၂။ (က) ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းပြုရာတွင် ကုမ္ပဏီဖျက်သိမ်းခြင်း ဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများ ခွဲဝေရန်အတွက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများကို ခန့်အပ်ရမည်။

(ခ) ခန့်အပ်ခံရသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအား ခန့်အပ်ခြင်းကို သဘောတူညီကြောင်း စာဖြင့်ရေးသားတင်ပြရမည်။

**ကုမ္ပဏီက ကြွေးမြီမပေးဆပ်နိုင်ခြင်း၏ အကျိုးသက်ရောက်မှုများ**

၁၅၃။ (က) ပုဒ်မ ၁၅၁ အရ ပြုလုပ်ခဲ့သည့်ကြေညာချက်တွင် ဖော်ပြခဲ့သည့်ကာလအတွင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သင့်လျော်သည်ဟုယူဆသော နောက်ထပ် သတ်မှတ် ကာလတစ်ခုအတွင်း ကုမ္ပဏီသည် ယင်း၏ကြွေးမြီကို အပြည့်အဝပေးနိုင်ရန် အကြောင်းမရှိဟု ပုဒ်မ ၁၅၂ အရ ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ထင်မြင်ယူဆ သည့်အခါ ၎င်းသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) ထိုသို့ ယူဆသည့်နေ့၏ နောက်မှစတင်ရေတွက်လျက် ၂၈ ရက်ထက် နောက်မကျစေဘဲ မြီရှင်များအစည်းအဝေးကို ခေါ်ယူခြင်း၊

(၂) မြီရှင်များအစည်းအဝေးကျင်းပမည့် နေ့ရက်မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက် မနည်းစေဘဲ မြီရှင်များထံ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာ ပေးပို့ခြင်း၊

(၃) မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာကို နည်းဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကြေညာခြင်း၊ ထို့ပြင်

(၄) အစည်းအဝေးမကျင်းပမီကာလအတွင်း မြီရှင်များက ကျိုးကြောင်းဆီလျော်စွာ တောင်းခံလာသည့် ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သော အချက်အလက်တို့ကို အခမဲ့ထုတ်ပေးခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာတွင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ သတ်မှတ်ထားသည့် အချက်အလက်တို့ကို အခမဲ့ ထုတ်ပေးမည့်အကြောင်း ဖော်ပြပါရှိရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် -

(၁) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုရမည်။

(၂) မြီရှင်များ၏အစည်းအဝေးတွင် ထိုထုတ်ဖော်ကြေညာချက်ကို တင်ပြရမည်။

(၃) ထိုအစည်းအဝေးသို့ တက်ရောက်၍ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်တွင် အောက်ပါတို့ကို ဖော်ပြပါရှိရမည် -

(၁) ကုမ္ပဏီပိုင်ပစ္စည်းများ၊ ကြွေးမြီများနှင့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များ၏ အသေးစိတ်အချက်အလက်များ၊

(၂) မြီရှင်များ၏အမည်များနှင့် လိပ်စာများ၊

(၃) ၎င်းတို့အသီးသီးလက်ဝယ်ရှိ ငွေချေးသက်သေခံလက်မှတ်များ၊

(၄) ငွေချေးသက်သေခံလက်မှတ်များကို ထုတ်ပေးခဲ့သည့်ရက်စွဲများ၊

(၅) နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် အခြားအချက်အလက်များ။

(င) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်သည် မှန်ကန်သည်ဟု ကိုယ်တိုင်သိရှိယုံကြည်ကြောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စိစစ်အတည်ပြုရမည်။

**မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းသို့ ကူးပြောင်းခြင်း**

၁၅၄။ ပုဒ်မ ၁၅၃ အရ မြီရှင်များအစည်းအဝေးကျင်းပခဲ့လျှင် ထိုအစည်းအဝေးသည် ပုဒ်မ ၁၅၆ အရ ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်းပြုရန် ဆုံးဖြတ်ခဲ့သည့် မြီရှင်များအစည်းအဝေးအဖြစ် မှတ်ယူ ရမည်ဖြစ်ပြီး ပုဒ်မ ၁၅၁ အရ ကြေညာချက်ကို ပြုလုပ်ဘိသကဲ့သို့ မှတ်ယူကာ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှ မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည်။

## အခန်း (၃)

## မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

### ဤအခန်းနှင့်သက်ဆိုင်ခြင်း

၁၅၅။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် ပုဒ်မ ၁၅၄ အရ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းသည် မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအဖြစ်သို့ ကူးပြောင်းသွားသည့်အခါ ပုဒ်မ ၁၅၆ နှင့် ပုဒ်မ ၁၅၇ ပါ ပြဋ္ဌာန်းချက်များသည် မသက်ဆိုင်စေရ။

### မြီရှင်များ၏ အစည်းအဝေး

၁၅၆။ (က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စတွင် ကုမ္ပဏီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ဆုံးဖြတ်ချက်ကို အဆိုပြုတင်ပြရန်ဖြစ်သည့် ကုမ္ပဏီအစည်းအဝေးအား ကျင်းပမည့်နေ့နှင့်တစ်ရက်တည်းတွင် မြီရှင်များအစည်းအဝေးခေါ်ယူခြင်း၊

(၂) မြီရှင်များအစည်းအဝေး ကျင်းပမည့်ရက်မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက်မနည်းစေဘဲ မြီရှင်များထံ မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာကို ပေးပို့ခြင်း၊ ထို့ပြင်

(၃) မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာကို နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ကြေညာခြင်း။

(ခ) မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာတွင် ကုမ္ပဏီ၏ မြီရှင်များအမည်နှင့် လိပ်စာတို့ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းတွင် အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ကြောင်း သို့မဟုတ် နည်းဥပဒေတွင် ခွင့်ပြုထားသောနည်းလမ်းဖြင့် ကြည့်ရှုစစ်ဆေးနိုင်ကြောင်း ဖော်ပြပါရှိရမည်။

### ဒါရိုက်တာများက မြီရှင်များထံသို့ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်တင်ပြရန်တာဝန်

၁၅၇။ (က) ကုမ္ပဏီ၏ ဒါရိုက်တာများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) နည်းဥပဒေတွင် သတ်မှတ်ဖော်ပြသည့်ပုံစံနှင့် ပါဝင်ရန်သတ်မှတ်ထားသည့် အကြောင်းအရာတို့ပါဝင်သော ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ရေးသားပြုစုခြင်း၊

(၂) အဆိုပါ ထုတ်ဖော်ကြေညာချက်ကို ပုဒ်မ ၁၅၆ အရ ကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် တင်ပြခြင်းနှင့်

(၃) ဒါရိုက်တာတစ်ဦးကို အစည်းအဝေးတွင် သဘာပတိအဖြစ် ခန့်အပ်ပြီး အစည်းအဝေးသို့ တက်ရောက်၍ သဘာပတိအဖြစ် ဆောင်ရွက်စေခြင်း။

(ခ) အောက်ပါတို့ကို လိုက်နာရန်ပျက်ကွက်သော ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများအား မှတ်ပုံတင်အရာရှိသည် ကျပ် တစ်ဆယ့်နှစ်သိန်းငါးသောင်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည် -

(၁) ဒါရိုက်တာများသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပုဒ်မခွဲ (က) အား လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ်

(၂) မြီရှင်များအစည်းအဝေးကို တက်ရောက်ပြီး သဘာပတိအဖြစ် ဆောင်ရွက်ရန် ခန့်အပ်ခံရသည့် ဒါရိုက်တာသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပုဒ်မခွဲ (က) အား လိုက်နာရန် ပျက်ကွက်လျှင်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း**

၁၅၈။ (က) ကုမ္ပဏီ၏ မြီရှင်များသည် ပုဒ်မ ၁၅၆ အရ ပြုလုပ်သော အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို ခွဲဝေရန်အလို့ငှာ ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းထားသည့် အစည်းအဝေးတွင် မြီရှင်များက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးတစ်ယောက်ကိုမျှ ခန့်ထားခြင်းမရှိပါက ကုမ္ပဏီက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်ထားနိုင်သည်။

(ဂ) ထိုသို့ခန့်အပ်ခြင်းခံရသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအား ခန့်အပ်ခြင်းကို သဘောတူညီကြောင်း စာဖြင့် ရေးသားတင်ပြရမည်။

## အခန်း (၄)

## တရားရုံးမှ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**တရားရုံးများ၏ စီရင်ပိုင်ခွင့်**

၁၅၉။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးနှင့် ခရိုင်တရားရုံးများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီကိုဖျက်သိမ်းရန် စီရင်ပိုင်ခွင့်ရှိသည်။

(ခ) ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီများဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပုဒ်မခွဲ (က) ပါ တရားရုံးများအပြင် အခြားသော တရားရုံးများကိုလည်း စီရင်ပိုင်ခွင့်အာဏာအပ်နှင်းနိုင်သည်။

**အထက်တရားရုံးသို့ လျှောက်ထားခြင်း**

၁၆၀။ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်အတွင်း မူလမှု၌ မေးခွန်းတစ်စုံတစ်ရာပေါ်ပေါက်လာခဲ့လျှင် ယင်းလုပ်ငန်းစဉ်တွင် ပါဝင်သူအားလုံးကဖြစ်စေ သို့မဟုတ် ၎င်းတို့အနက်မှ တစ်ဦးကဖြစ်စေ၊ သက်ဆိုင်ရာ တရားသူကြီးကဖြစ်စေ၊ အထက်တရားရုံးသို့တင်ပြပြီး အကြံဉာဏ်ရယူလိုပါက ထိုတရားသူကြီးသည် သတ်မှတ်ပုံစံတွင် မေးခွန်းနှင့်သက်ဆိုင်သည့် အကြောင်းအရာများကိုဖော်ပြ၍ အထက်တရားရုံးသို့ အဆုံးအဖြတ်ပေးရန်အလို့ငှာ လျှောက်ထားနိုင်သည်။

## ဖျက်သိမ်းရန်လျှောက်ထားခြင်း၏ အခြေခံအကြောင်းရင်းနှင့် အကျိုးသက်ရောက်မှုများ

**တရားရုံးက ကုမ္ပဏီအား ဖျက်သိမ်းနိုင်သည့်အခြေအနေများ**

၁၆၁။ (က) အောက်ပါအခြေအနေများတွင် တရားရုံးက ကုမ္ပဏီအား ဖျက်သိမ်းနိုင်သည် -

(၁) ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်ဖြင့် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းရမည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်လျှင်၊

(၂) ကုမ္ပဏီသည် ယင်း၏လုပ်ငန်းကို ဖွဲ့စည်းပြီး တစ်နှစ်အတွင်း စတင်နိုင်ခြင်းမရှိလျှင် သို့မဟုတ် ယင်း၏လုပ်ငန်းကို တစ်နှစ်လုံးရပ်ဆိုင်းထားခြင်းဖြစ်လျှင်၊

(၃) ကုမ္ပဏီသည် ကြွေးမြီမပေးဆပ်နိုင်သူဖြစ်လျှင် သို့မဟုတ်

(၄) တရားရုံးက ထိုကုမ္ပဏီအား ဖျက်သိမ်းခြင်းသည် တရားမျှတသည်ဟုထင်မြင်လျှင် သို့မဟုတ်

(၅) အများပြည်သူအကျိုးငှာ ဖြစ်သည်ဟုတရားရုံးမှ ယုံကြည်လောက်သော အကြောင်းတရားများရှိလျှင်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) အရ အကျုံးဝင်သော အများပြည်သူအကျိုးငှာ အကြောင်းတရားများမှာ အောက်ပါတို့ဖြစ်သည် -

(၁) ကုမ္ပဏီတွင် ဒါရိုက်တာများမရှိခြင်း သို့မဟုတ်

(၂) ကုမ္ပဏီသည် ယင်း၏မြီရှင်များ သို့မဟုတ် အခြားသူကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ သို့တည်းမဟုတ် အခြားသောလိမ်လည်လှည့်ဖြားလိုသည့် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ လုပ်ငန်းများကိုဆက်လက်ဆောင်ရွက်ခြင်း သို့မဟုတ် အခြားလုပ်ငန်းတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော လုပ်ငန်းများအား ဆောင်ရွက်ခြင်း။

**ကြွေးမြီမပေးဆပ်နိုင်သူဟု မှတ်ယူခြင်း**

၁၆၂။ (က) ကုမ္ပဏီသည် အောက်ပါအခြေအနေတို့တွင် ကြွေးမြီမပေးဆပ်နိုင်သူဖြစ်သည်ဟု မှတ်ယူရမည် -

(၁) ကုမ္ပဏီက နည်းဥပဒေတွင် သတ်မှတ်ထားသည့် အနည်းဆုံးပမာဏထက်ပိုသည့် ကြွေးမြီကို မြီရှင်သို့ပေးရန်ရှိပြီး နည်းဥပဒေအရ သတ်မှတ်ထားသည့်ပုံစံဖြင့် ကြွေးမြီပေးဆပ်ရန် အကြောင်းကြားစာအား ကုမ္ပဏီအဖြစ် မှတ်ပုံတင်လိပ်စာရှိသည့်ရုံးသို့ ပေးပို့ဆင့်ဆို အတည်ပြုခဲ့ပြီး ယင်းအကြောင်းကြားစာအရ ကုမ္ပဏီက ပေးရမည့်ငွေပမာဏကို ပေးဆပ်ရန် ၂၁ ရက်ကျော်လွန်ပြီးနောက်တွင် ထိုကြွေးမြီကို ပေးဆပ်ရန် သို့မဟုတ် တာဝန်ယူအာမခံရန် သို့မဟုတ် မြီရှင်၏ ကျိုးကြောင်းခိုင်လုံသည့် စိတ်ကျေနပ်မှုရရှိစေရန်အလို့ငှာ ညှိနှိုင်းသဘောတူညီချက်ပေးရန် လျစ်လျူရှုခဲ့ခြင်းဖြစ်လျှင် သို့မဟုတ်

(၂) တရားရုံးတစ်ရုံးမှ ကုမ္ပဏီ၏ မြီရှင်ကို အသာပေး၍ ချမှတ်သည့် စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်အရ အတည်ပြုဆောင်ရွက်ချက် သို့မဟုတ် အခြားဆောင်ရွက်ချက်အပေါ် မြီရှင်ကျေနပ်အောင် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဆောင်ရွက်ပေးခြင်းမရှိဟု မြီရှင်က တင်ပြလာလျှင်။

( ခ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်းပြီး ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားတင်ပြနိုင်ခြင်းမရှိလျှင် အတည်ဖြစ်သည်ဟု မှတ်ယူနိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်လွှာတင်ခြင်း**

၁၆၃။ (က) ကြွေးမြီမပေးဆပ်နိုင်ခြင်းကြောင့် ကုမ္ပဏီဖျက်သိမ်းရန် တရားရုံးသို့ လျှောက်လွှာတင်သွင်းရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများကဖြစ်စေ၊ မြီရှင်ကဖြစ်စေ လျှောက်ထားရမည်။ (မြီရှင်ဆိုသော စကားရပ်တွင် မြီရှင်ဖြစ်နိုင်ဖွယ်ရှိသူနှင့် မြီရှင်ဖြစ်ရန် နီးကပ်သည့်အလားအလာရှိသူများလည်း ပါဝင်သည်)

( ခ ) ပုဒ်မ ၁၆၁ ပါ အခြေအနေများကြောင့် ကုမ္ပဏီအား ဖျက်သိမ်းရန်လျှောက်ထားခွင့်ရှိသူများတွင် ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်များအပြင် ကြွေးမြီပေးဆပ်ရန်တာဝန်ရှိသူများနှင့် မှတ်ပုံတင်အရာရှိလည်း ပါဝင်သည်။

**လျှောက်ထားမှုအပေါ် ကြားနာရာတွင် တရားရုံး၏ အခွင့်အာဏာ**

၁၆၄။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားမှုကို ကြားနာပြီးနောက် တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ခြင်း သို့မဟုတ်

(၂) လျှောက်ထားမှုကို ပလပ်ခြင်း သို့မဟုတ်

(၃) ကြားနာမှုကို ကန့်သတ်ချက်ဖြင့်ဖြစ်စေ၊ ကန့်သတ်ချက်မပါဘဲဖြစ်စေ ရွှေ့ဆိုင်းခြင်း သို့မဟုတ်

(၄) ကြားဖြတ်အမိန့်ချမှတ်ခြင်း သို့မဟုတ်

(၅) အခြားသင့်သည်ထင်သည့်အမိန့်ချမှတ်ခြင်း။

သို့ရာတွင် တင်ရှိသောကြွေးမြီနှင့် ညီမျှသောပမာဏရှိသည့် သို့မဟုတ် ယင်းတန်ဖိုး ထက်ပိုသည့် ကုမ္ပဏီပိုင်ပစ္စည်းများအား ပေါင်နှံထားသည် သို့မဟုတ် ကုမ္ပဏီ၌ ပိုင်ဆိုင်မှုပစ္စည်း လုံးဝမရှိဆိုသော အကြောင်းပြချက်သက်သက်မျှဖြင့် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်း စေသည့် အမိန့်ချမှတ်ရန် ငြင်းဆိုခြင်း မရှိစေရ။

**ကုမ္ပဏီအပေါ် တရားစွဲဆိုခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို ဆိုင်းငံ့စေရန် သို့မဟုတ် တားမြစ်ကန့်သတ်စေရန် အခွင့်အာဏာ**

၁၆၅။ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်လွှာတင်သွင်းခဲ့ပြီး ဖျက်သိမ်းရန်အမိန့်ချမှတ်ခဲ့ခြင်း မပြုမီ မည်သည့်အချိန်တွင်မဆို အခြားတရားရုံး သို့မဟုတ် အနုညာတခုံရုံးတွင် ကုမ္ပဏီနှင့်ပတ်သက်သည့် အခြားတရားမမှုခင်းတစ်စုံတစ်ရာ ပြီးပြတ်ခြင်းမရှိသေးလျှင် ကုမ္ပဏီ သို့မဟုတ် မြီရှင် သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူသည် -

(က) ကုမ္ပဏီနှင့်စပ်လျဉ်းသည့် တရားမမှုခင်းတစ်စုံတစ်ရာကို ဆိုင်းငံ့ပေးရန် အဆိုပါ တရားရုံး သို့မဟုတ် အနုညာတခုံရုံးသို့ လျှောက်ထားနိုင်သည် သို့မဟုတ်

(ခ) ကုမ္ပဏီနှင့်စပ်လျဉ်း၍ အခြားသောအမှုတွင် ဆက်လက်အရေးယူဆောင်ရွက်ခြင်း အဆင့်ဆင့်ကို တားမြစ်ကန့်သတ်ပေးရန်အတွက် ကုမ္ပဏီဖျက်သိမ်းရန် စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးသို့ လျှောက်ထားနိုင်သည်။ ထို့ပြင် အဆိုပါလျှောက်လွှာကို လက်ခံရရှိသည့် တရားရုံး သို့မဟုတ် အနုညာတခုံရုံးသည် စစ်ဆေးစီရင်ဆောင်ရွက်မှုကို ဆိုင်းငံ့ခြင်း သို့မဟုတ် တားမြစ်ကန့်သတ်ခြင်း ပြုလုပ်နိုင်သည်။

## စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း

**ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ခြင်းနှင့် ၎င်း၏အခွင့်အာဏာများ**

၁၆၆။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားပြီးနောက် အမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန် တွင်မဆို တရားရုံးသည် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အခါ အောက်ပါတို့ကို သတ်မှတ်ပေးရမည် -

(၁) ထိုသူ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ကျင့်သုံးရမည့်အခွင့်အာဏာများ၊

(၂) ၎င်းအားပေးရမည့် အခကြေးငွေ။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း**

၁၆၇။ (က) တရားရုံးက ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပါက လူမွဲခံယူခြင်း ဆိုင်ရာ ကျွမ်းကျင်သူကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အောက်ပါပုဂ္ဂိုလ်များကို ခန့်ထားရမည်ဖြစ်ပြီး ၎င်းမှ ထိုသို့ခန့်ထားမှုကို သဘောတူကြောင်း တရားရုံးသို့ စာဖြင့် ရေးသားတင်ပြမှသာ ခန့်အပ်ခြင်း အတည်ဖြစ်စေရမည် -

(၁) စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားသည့်သူက အမည်စာရင်းတင်သွင်းသူ သို့မဟုတ်

(၂) ထိုသို့ အမည်စာရင်းတင်သွင်းထားခြင်းမရှိလျှင် တရားရုံးကခန့်အပ်သည့် တရားဝင် ပစ္စည်းထိန်းအရာရှိ။

(ဂ) မည်သည့်လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်သူကိုမျှ ခန့်အပ်နိုင်ခြင်းမရှိပါက တရားရုံးသည် တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်နိုင်သည်။

## တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်သည့်လုပ်ငန်းစဉ်

၁၆၈။ (က) တရားရုံးသည် တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါက ၎င်းသည် မြီရှင်များအကျိုးအတွက် မြီရှင်များအစည်းအဝေးကို အောက်ပါကိစ္စရပ်များအလို့ငှာ ခေါ်ယူရမည် -

(၁) တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခြင်းအားအတည်ပြုရန် သို့မဟုတ်

(၂) တရားဝင်ပစ္စည်းထိန်းအစား လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖြစ် ဆောင်ရွက်ရန်အရည်အချင်းရှိသူတစ်ဦးအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ရွေးချယ်ခန့်ထားရန်။

(ခ) တရားဝင်ပစ္စည်းထိန်းသည် ပုဒ်မခွဲ (က) အရ ခေါ်ယူသည့် မြီရှင်များအစည်းအဝေးကိုနည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ဆင့်ဆိုခေါ်ယူကျင်းပရမည်ဖြစ်ပြီး ၎င်းအားခန့်အပ်သည့်နေ့၏နောက်မှ စတင်ရေတွက်လျက် (၂၁) ရက်ထက် နောက်မကျစေဘဲအစည်းအဝေးကို ကျင်းပရမည်။

(ဂ) ဤပုဒ်မအရ ခန့်အပ်ထားသည့် တရားဝင်ပစ္စည်းထိန်းက ကုမ္ပဏီတွင် မြီရှင်များအစည်းအဝေးအားဆင့်ဆိုခေါ်ယူကျင်းပရန် လုံလောက်သည့်ဘဏ္ဍာငွေကြေးမရှိဟု သုံးသပ်ဆုံးဖြတ်ပါက ပုဒ်မခွဲ(က) နှင့် (ခ) အား လိုက်နာဆောင်ရွက်ရန် မလိုအပ်စေရ။

## ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို အစားထိုးရန်အစည်းအဝေးခေါ်ယူခြင်း

၁၆၉။ (က) ပစ္စည်းထိန်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားကြောင်းကို အများပြည်သူသို့ အသိပေးအကြောင်းကြားစာ ထုတ်ပြန်သည့်နေ့၏နောက်မှ စတင်ရေတွက်လျက်၂၈ ရက်အတွင်း ကုမ္ပဏီစုစုပေါင်းကြွေးမြီ၏ အနည်းဆုံး တစ်ဆယ်ရာခိုင်နှုန်းကိုပိုင်ဆိုင်သောမြီရှင်များက စာဖြင့်ရေးသားတောင်းဆိုလျှင် ထိုစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်မြီရှင်များအစည်းအဝေးကို အောက်ပါရည်ရွယ်ချက်များအလို့ငှာ ဆင့်ခေါ်ရမည် -

(၁) ၎င်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားခြင်းကိုအတည်ပြုရန်သို့မဟုတ်

(၂) ကုမ္ပဏီနှင့်စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန်အရည်အချင်းရှိသူတစ်ဦးအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနေရာတွင် အစားထိုးရွေးချယ်ခန့်ထားရန်။

(ခ) ပုဒ်မခွဲ (က) အရ အစည်းအဝေးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အဆိုပါစာဖြင့်ရေးသားတောင်းဆိုချက်အား လက်ခံရရှိသည့်နေ့၏ နောက်မှစတင်ရေတွက်လျက်၁၄ ရက်အတွင်း ခေါ်ယူရမည်။

## ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်နှင့်ဆက်စပ်၍ တရားရုံးက ခန့်အပ်ခြင်း

၁၇၀။ တရားရုံးက စာရင်းရှင်းလင်းဖျက်သိမ်းရန်အမိန့်ကို ချမှတ်ခဲ့ခြင်းကြောင့် ပြန်လည်ထူထောင်ရေးမန်နေဂျာ၊ အစီအစဉ်ကြီးကြပ်သူ သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေးအဖြစ် ခန့်ထားခြင်းကိုရပ်ဆိုင်းသွားစေပါက တရားရုံးသည်သင့်လျော်မည်ဟုယူဆလျှင် ထိုသူအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆက်လက်ခန့်အပ်နိုင်သည်။

## စုံစမ်းစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းများ

## စာရင်းရှင်းလင်းဖျက်သိမ်းမှုကို ဆိုင်းငံ့ရန်အခွင့်အာဏာ

၁၇၁။ (က) တရားရုံးသည် ဖျက်သိမ်းသည့်လုပ်ငန်းစဉ်ကို ချက်ချင်း သို့မဟုတ် သတ်မှတ်သည့်အချိန်တွင်သင့်လျော်သည့် စည်းကမ်းချက်များသတ်မှတ်၍ ဆိုင်းငံ့သည့်အမိန့် ချမှတ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချပြီးနောက် မည်သည့်အချိန်တွင်မဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ မြီရှင်တစ်ဦးဦး သို့မဟုတ် ကြွေးမြီဆပ်ရန်တာဝန်ရှိသူကဖြစ်စေ ဆိုင်းငံ့မိန့်ချမှတ်ပေးရန် လျှောက်ထားသည့်အခါ ၎င်းတို့က စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းစဉ်များအား ဆိုင်းငံ့သင့်ကြောင်း ကျေနပ်လက်ခံအောင် သက်သေထင်ရှားပြနိုင်လျှင် တရားရုံးသည် ဆိုင်းငံ့သည့်အမိန့်ကို ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ဤပုဒ်မအရ အမိန့်မချမှတ်မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား အဆိုပါ ဆိုင်းငံ့မှုနှင့်သက်ဆိုင်သည်ဟု ယူဆသည့်အချက်အလက်နှင့် အကြောင်းအရာများ ပါဝင်သော အစီရင်ခံစာတစ်စောင်ကို တရားရုံးသို့ တင်ပြစေရန်ညွှန်ကြားနိုင်သည်။

## အခန်း (၅)
## နောက်ဆက်တွဲ အကျိုးဆက်များ

### စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များ

၁၇၂။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ပြီးနောက် -

(က) ကုမ္ပဏီအား ဖျက်သိမ်းပြီးသည်အထိ ကုမ္ပဏီ၏ အခြေအနေနှင့်လုပ်ပိုင်ခွင့်တို့သည် ဆက်လက်တည်ရှိသည်။

(ခ) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် အကျိုးဖြစ်စေသည့် လိုအပ်သမျှသော လုပ်ငန်းဆောင်ရွက်မှုမှတစ်ပါး ကျန်သည့်လုပ်ငန်းဆောင်ရွက်ချက်အရပ်ရပ်တို့ကို ရပ်စဲရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သဘောတူညီခွင့်ပြုထားသည်မှတစ်ပါး သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းဖြစ်ပါက ကုမ္ပဏီ၏အထွေထွေ အစည်းအဝေးတွင် သဘောတူညီခွင့်ပြုထားသည်မှတစ်ပါး ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များသည် ရပ်စဲသွားစေရမည်။

(ဃ) ကုမ္ပဏီ သို့မဟုတ် ယင်း၏ပစ္စည်းနှင့်စပ်လျဉ်း၍ တရားရုံး၏ခွင့်ပြုချက် သို့မဟုတ် တရားရုံးက သတ်မှတ်သည့် စည်းကမ်းသတ်မှတ်ချက်များအရမှတစ်ပါး မည်သည့်အရေးယူဆောင်ရွက်မှု သို့မဟုတ် လျှောက်ထားမှု သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုမျှ ဆောင်ရွက်ခြင်း သို့မဟုတ် စတင်ခြင်းမပြုရ။

(င) တရားရုံး၏အမိန့်ဖြင့် ဆောင်ရွက်သည်မှတစ်ပါး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီ၏ပိုင်ဆိုင်မှုများအား စီမံခန့်ခွဲဆောင်ရွက်ချက်များသည် ပျက်ပြယ်စေရမည်။

(စ) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ပြီးနောက်မှ ကုမ္ပဏီ သို့မဟုတ် ယင်း၏ ပိုင်ဆိုင်မှုတို့အား ဝရမ်းစွဲကပ်ခြင်း၊ ပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ပစ္စည်းဖမ်းယူသိမ်းဆည်းခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်ခြင်းဟူသမျှသည် ပျက်ပြယ်စေရမည်။

(ဆ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ပြီးနောက်မှပြုလုပ်သည့် အစုရှယ်ယာလွှဲပြောင်းမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ လွှဲပြောင်းခြင်းမဟုတ်လျှင် သို့မဟုတ် ၎င်း၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်သော လွှဲပြောင်းမှုမျိုးမဟုတ်လျှင် ထိုအစုရှယ်ယာလွှဲပြောင်းမှုနှင့် ထိုသို့ လွှဲပြောင်းမှုကြောင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ အခြေအနေအဆင့်အတန်းအား ပြောင်းလဲမှုဟူသမျှသည် ပျက်ပြယ်စေရမည်။

### ကုမ္ပဏီပိုင်ပစ္စည်းများကို ထိန်းသိမ်းခြင်း

၁၇၃။ စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်ချမှတ်ပြီးနောက် သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်ထားပြီးနောက်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီစာရင်းရှင်းလင်း

ဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီပိုင်ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ရန်အလားအလာရှိသည့် ပစ္စည်းများ အားလုံးကို ၎င်း၏ ထိန်းသိမ်းမှုအောက် သို့မဟုတ် ကြီးကြပ်မှုအောက်တွင် ထားရှိရမည်။

**ကုမ္ပဏီပိုင်ပစ္စည်းများသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားခြင်း**

၁၇၄။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လျှောက်ထားလျှင် တရားရုံးသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ၎င်း၏ကိုယ်စား ယုံမှတ်အပ်နှံခံရသူက ထိန်းသိမ်းထားသည့် ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရာထူးအလျောက် အမည်ဖြင့် ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားစေရန် အမိန့်ချနိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

**အတည်ပြုခြင်းနှင့် ဝရမ်းစွဲကပ်ခြင်း၏ အကျိုးသက်ရောက်မှု**

၁၇၅။ (က) မြီရှင်က ကုမ္ပဏီ၏ မြေနှင့်ကုန်ပစ္စည်းများအပေါ် ဒီကရီအတည်ပြုဆောင်ရွက်ရာတွင်လည်းကောင်း သို့မဟုတ် ၎င်းအား ပေးရန်ရှိသည့်ကြွေးမြီတစ်ရပ်အရ ဝရမ်းစွဲကပ်ပြီးနောက် အတည်ပြုဆောင်ရွက်ရာတွင်လည်းကောင်း ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်လျှင် မြီရှင်သည် ထိုသို့ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း မစတင်မီ ဒီကရီ အကောင်အထည်ဖော်ခြင်း သို့မဟုတ် ဝရမ်းစွဲကပ်ခြင်းကို ပြီးဆုံးအောင်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အဆိုပါ ဒီကရီအကောင်အထည်ဖော်ဆောင်ရွက်ခြင်း သို့တည်းမဟုတ် ဝရမ်းစွဲကပ်ခြင်း၏ အကျိုးအမြတ်ကို မြီရှင်က ရရှိခံစားပိုင်ခွင့်မရှိစေရ။

(ခ) သို့ရာတွင် -

(၁) မြီရှင်သည် ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကို အဆိုပြုရန်အတွက် ဆုံးဖြတ်ချက်ပြုလုပ်ရန် ခေါ်ထားပြီးဖြစ်သည့် အစည်းအဝေး၏ အကြောင်းကြားစာကိုရပြီးလျှင် ပုဒ်မခွဲ (က) ၏ ရည်ရွယ်ချက်အလို့ငှာ ဖျက်သိမ်းမှုစတင်သည့်ရက်အတွက် မြီရှင်က အကြောင်းကြားစာ ရရှိခဲ့သည့် ရက်ကို အစားထိုးရမည်။

(၂) တရားရုံးအမိန့်ကို အတည်ပြုဆောင်ရွက်ရသူအရာရှိက ကုမ္ပဏီ၏ ကုန်ပစ္စည်းတစ်ခုခုအား ရောင်းချသည်ကို သဘောရိုးဖြင့် ဝယ်ယူမိသူသည် ယင်းပစ္စည်းနှင့်စပ်လျဉ်းပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ဆန့်ကျင်၍ ခိုင်မာသော ပိုင်ဆိုင်ခွင့်ကိုရရှိစေနိုင်သည်။

(၃) မြီရှင်အား အနိုင်ပေးသည့် ဒီကရီနှင့်စပ်လျဉ်း၍ တရားရုံးသည် သင့်သည်ထင်သည့် အတိုင်းအတာနှင့် စည်းကမ်းချက်များသတ်မှတ်ကာ ပုဒ်မခွဲ (က) အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အပ်နှင်းထားသည့် အခွင့်အရေးများကို ပယ်ဖျက်နိုင်သည်။

(၄) ဒီကရီအရ မြီရှင်ရရှိသည့်အကျိုးအမြတ်အား ပုဒ်မ ၃၆၁ ပါ ပြဋ္ဌာန်းချက်အရ ပယ်ဖျက်နိုင်သည်။

(ဂ) ဤဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ -

(၁) ကုန်ပစ္စည်းများအပေါ် အတည်ပြုဆောင်ရွက်ခြင်းအား သိမ်းဆည်းခြင်းနှင့်ရောင်းချခြင်းဖြင့် ပြီးဆုံးသည်။

(၂) ကြွေးမြီကိုဝရမ်းစွဲကပ်ခြင်းသည် ကြွေးမြီရရှိသည့်အခါ ပြီးဆုံးသည်။

(၃) မြေအပေါ် အတည်ပြုဆောင်ရွက်ခြင်းသည် သိမ်းယူခြင်း သို့မဟုတ် ပစ္စည်းထိန်းခန့်အပ်ခြင်း ပြုလုပ်ချိန်တွင် ပြီးဆုံးသည်။

**တရားရုံးအမိန့်အရ သို့မဟုတ် အခြားလုပ်ထုံးလုပ်နည်းအရ အတည်ပြုဆောင်ရွက်သူအရာရှိ၏ တာဝန်များ**

၁၇၆။ (က) ကုမ္ပဏီ၏ ကုန်ပစ္စည်းများကို ဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် သိမ်းဆည်းရယူထားပြီး ယင်းတို့အား မရောင်းချမီ သို့မဟုတ် အတည်ပြုဆောင်ရွက်မှုမပြီးဆုံးမီ ဒီကရီအတည်ပြုသူ

အရာရှိထံသို့ ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ပြီးကြောင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီးကြောင်း သို့မဟုတ် ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ပြုလုပ်ရန် ဆုံးဖြတ်ချက်ချမှတ်ပြီးကြောင်း အကြောင်းကြားစာအား ဆင့်ဆိုအတည်ပြုပြီးပါက အောက်ပါတို့သည် သက်ဆိုင်စေရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းထားသည့် အရာရှိသည် လိုအပ်သည့်အခါ ဒီကရီအတည်ပြု ဆောင်ရွက်ရန်အတွက် သိမ်းဆည်းရယူထားသည့် ကုန်ပစ္စည်းနှင့် သိမ်းဆည်းရမိသည့် သို့မဟုတ် လက်ခံရရှိသည့် ငွေကြေးတစ်စုံတစ်ရာကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပေးအပ်ရမည်။

(ဂ) ဒီကရီအတည်ပြုသူအရာရှိက အထက်ပုဒ်မခွဲ (ခ) ပါ ကုန်ပစ္စည်းနှင့်ငွေကြေးများအပေါ် ဒီကရီအတည်ပြုဆောင်ရွက်ရာ၌ ကုန်ကျခဲ့သည့်ငွေကြေးအား ပထမဆုံးကောက်ယူမည်ဖြစ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါကုန်ကျခဲ့သည့်ငွေကြေးအား ပေးချေနိုင် စေရန်အတွက် ကုန်ပစ္စည်းများ သို့မဟုတ် ယင်း၏လုံလောက်သောအပိုင်းကို ရောင်းချနိုင်သည်။

(ဃ) မြီရှင်အား အနိုင်ပေးသည့်ဒီကရီနှင့်စပ်လျဉ်း၍ တရားရုံးသည်သင့်သည်ထင်သည့်အတိုင်း အတာနှင့် စည်းကမ်းချက်များသတ်မှတ်ကာ ဤပုဒ်မအရ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ အပ်နှင်းထားသည့် အခွင့်အရေးများကို ပယ်ဖျက်နိုင်သည်။

## အခန်း (၆)
## စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ

### စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆောင်ရွက်ရန်တာဝန်များ

၁၇၇။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အဓိကကျသည့်တာဝန်များမှာ ကုမ္ပဏီက ရပိုင်ခွင့် ရှိသည့် သို့မဟုတ် ရပိုင်ခွင့်ရှိနိုင်သည့် ပစ္စည်းများအားလုံးကို ၎င်း၏အုပ်ထိန်းမှု သို့မဟုတ် ၎င်း၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိရန်တတ်စွမ်းသမျှ ဆောလျင်စွာ ဆောင်ရွက်ကာ ကုမ္ပဏီ၏ မြီရှင်များကို ခွဲခြမ်းပေးပြီးနောက် ပိုလျှံပါက ရပိုင်ခွင့်ရှိသူများအား ခွဲခြမ်းပေးရန်ဖြစ်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဤဥပဒေအရ သတ်မှတ်သည့် ကန့်သတ်ချက် ဘောင်အတွင်း ကုမ္ပဏီ၏ ပိုင်ဆိုင်သည့်ပစ္စည်းများ စီမံခန့်ခွဲမှုနှင့် ယင်းတို့ကို မြီရှင်များအကြား ခွဲဝေပေးမှုကို ၎င်း၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ များအား ၎င်းတို့၏ ဆန္ဒများကို ဖြည့်ဆည်းရန်ရည်ရွယ်၍ အထွေထွေအစည်းအဝေးများကို ဆင့်ခေါ်နိုင်သည်။ ထို့အပြင် မြီရှင်များမှ ညွှန်ကြားလျှင်ဖြစ်စေ သို့တည်းမဟုတ် ကြွေးမြီ တန်ဖိုး၏ ဆယ်ပုံတစ်ပုံထက်မနည်းကို ပိုင်ဆိုင်သောမြီရှင်များက ထိုသို့ဆောင်ရွက်ရန် စာဖြင့် ရေးသားတောင်းဆိုသည့်အချိန်တိုင်း အစည်းအဝေးခေါ်ယူပေးရန် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတွင် တာဝန်ရှိသည်။

### စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စုံစမ်းစစ်ဆေးခြင်း

၁၇၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို စုံစမ်းစစ်ဆေးရန် တာဝန်ရှိပြီး ၎င်းက သင့်သည်ထင်မြင်လျှင် မှတ်ပုံတင်အရာရှိထံ အစီရင်ခံစာ တင်ပြနိုင်သည် -

(၁) ကုမ္ပဏီက မအောင်မြင်ခဲ့လျှင် မအောင်မြင်သည့်အကြောင်းများနှင့်

(၂) ယေဘုယျအားဖြင့် ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာ ဆက်ဆံဆောင်ရွက်သည့်ကိစ္စရပ်များ၊ ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ။

( ခ ) စုံစမ်းစစ်ဆေးမှု၏ အတိုင်းအတာသည် ထိုစုံစမ်းစစ်ဆေးမှုအတွက် ကုမ္ပဏီက ငွေကြေးကုန်ကျခံနိုင်မှု၊ မြီရှင်များ၏ ငွေကြေးပြန်လည်ရရှိနိုင်မှုအပေါ် ထိုကုန်ကျစရိတ်၏ သက်ရောက်မှုအလားအလာနှင့် အကျင့်သိက္ခာပျက်ပြားမှုသက်ဆိုင်သော သက်သေခံအထောက်အထားများအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ သိရှိနားလည်မှု သို့မဟုတ် ငွေကြေးပြန်လည်ရယူနိုင်ရန် လုပ်ငန်းစဉ်များ၏ ခိုင်လုံမှုပမာဏတို့အပေါ်တွင် မူတည်သည်။

( ဂ ) အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည့်အချက်အလက်များသည် မည်သည့်စစ်ဆေးစီရင်ဆောင်ရွက်မှုလုပ်ငန်းစဉ်တွင်မဆို ဦးစွာအမြင်အားဖြင့် ခိုင်မာသည့်သက်သေခံချက်ဖြစ်သည်။

## စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ

### စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အထွေထွေလုပ်ပိုင်ခွင့်များ

၁၇၉။ (က) ဤပုဒ်မနှင့်မဆန့်ကျင်စေဘဲ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီကို အကျိုးရှိစွာ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေး သို့မဟုတ် အကျိုးရှိစွာ စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရေးအတွက် လိုအပ်သည်ဟု ယူဆသည့်အတိုင်းအတာအထိ ကုမ္ပဏီ၏ လုပ်ငန်းများကို ဆက်လက်လည်ပတ်စေခြင်း၊

(၂) အခန်း (၇) ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ မည်သည့်မြီရှင်အတန်းအစားကိုမဆို အပြည့်အဝ ငွေပြန်လည်ပေးဆပ်ခြင်း၊

(၃) မြီရှင် သို့မဟုတ် မြီရှင်ဖြစ်ကြောင်းအဆိုပြုသူ သို့မဟုတ် ကုမ္ပဏီထံမှ နစ်နာကြေးတောင်းဆိုသူ သို့မဟုတ် တောင်းဆိုခွင့်ရှိသူ (ယင်းစကားရပ်တွင် လက်ရှိ သို့မဟုတ် အနာဂတ်တွင် သို့မဟုတ် သေချာသော သို့မဟုတ် ဖြစ်နိုင်ခြေရှိသော သို့မဟုတ် ရရှိနိုင်သည်ဟု မျှော်မှန်းသောနစ်နာကြေးများလည်း ပါဝင်သည်) က ကုမ္ပဏီသို့ တောင်းခံခြင်း သို့မဟုတ် ကုမ္ပဏီမှ ပေးဆောင်ရန် တာဝန်ရှိလာနိုင်သော ကိစ္စရပ်များကို ညှိနှိုင်းဖျန်ဖြေခြင်း သို့မဟုတ် စီမံဆောင်ရွက်ပေးခြင်း၊

(၄) တောင်းဆိုမှုများ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများနှင့် အခြားသောနစ်နာကြေးတောင်းဆိုမှုများအားလုံး (ယင်းစကားရပ်တွင် လက်ရှိ သို့မဟုတ် အနာဂတ်တွင် သို့မဟုတ် သေချာသော သို့မဟုတ် ဖြစ်နိုင်ခြေရှိသော သို့မဟုတ် ရရှိနိုင်သည်ဟု မျှော်မှန်းသော နစ်နာကြေးများလည်း ပါဝင်သည်) အတွက် ကုမ္ပဏီနှင့် ကြွေးမြီဆပ်ရန်တာဝန်ရှိသူ သို့မဟုတ် အခြားမြီစားအကြား ညှိနှိုင်းဖျန်ဖြေပေးခြင်း၊ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် ပိုင်ဆိုင်သည့် ပစ္စည်းကို တစ်နည်းနည်းနှင့် ထိခိုက်မှုရှိစေသည့် သို့မဟုတ် ဆက်စပ်သည့် အငြင်းပွားမှုများအပေါ် ညှိနှိုင်းဖျန်ဖြေပေးခြင်းတို့အပြင် ထိုတောင်းဆိုမှုများ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများနှင့် အခြားသောနစ်နာကြေးတောင်းဆိုမှုများနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးရန် အပြည့်အဝဆောင်ရွက်ပေးခြင်း။

( ခ ) ဤပုဒ်မနှင့် မဆန့်ကျင်စေဘဲ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ကုမ္ပဏီကိုယ်စား တရားစွဲဆိုမှုအပေါ် ခုခံချေပခြင်း၊

(၂) ၎င်း၏ တာဝန်များကို ကူညီဆောင်ရွက်နိုင်ရန် ရှေ့နေငှားရမ်းခွင့်ရှိခြင်း၊

(၃) ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအားလုံး သို့မဟုတ် မည်သည့်အစိတ်အပိုင်းကိုမဆို ရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်း၊

(၄) ကုမ္ပဏီ၏ ကိုယ်စားနှင့် ကုမ္ပဏီ၏အမည်ဖြင့် စာချုပ်စာတမ်းများ၊ ပြေစာများနှင့် အခြားစာရွက်စာတမ်းများကို လက်မှတ်ရေးထိုးချုပ်ဆိုခြင်းနှင့် ဤကိစ္စအလို့ငှာ လိုအပ်ပါက ကုမ္ပဏီ၏ တံဆိပ်တုံးကို အသုံးပြုခြင်း၊

(၅) ကုမ္ပဏီပိုင်ပစ္စည်းကို အာမခံအပေါင်အနှံအဖြစ် ထားလျက်ဖြစ်စေ၊ မထားဘဲဖြစ်စေ လိုအပ်သည့် ချေးငွေများကို ရယူနိုင်ခြင်း၊

(၆) ကြွေးမြီဆပ်ရန် တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် အခြားမြီစားထံမှ ၎င်းပေးဆပ်ရန်တာဝန်ရှိသည့်ကြွေးမြီကို ပေးဆပ်စေရန်လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(၇) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ကိုယ်တိုင်မဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကိုယ်တိုင်မဆောင်ရွက်သင့်သည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်စေရန် အေးဂျင့်ခန့်အပ်ခြင်း၊

(၈) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ယင်း၏ပိုင်ဆိုင်မှုများကို ပိုင်းခြားခွဲဝေပေးရန်အလို့ငှာ ဆောင်ရွက်ရန်လိုအပ်သည့် ကုမ္ပဏီကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခြင်း။

(ဂ) တရားရုံး၏ သို့မဟုတ် စစ်ဆေးရေးကော်မတီ၏ သို့မဟုတ် မြီရှင်များ၏ အတည်ပြုချက်ရှိလျှင်မှတစ်ပါး၊ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေတွင် သတ်မှတ်ထားသော အနည်းဆုံးပမာဏထက် ကျော်လွန်တောင်းခံလာသည့် ကြွေးမြီတစ်ရပ်ရပ်အတွက် စေ့စပ်ညှိနှိုင်းဖျန်ဖြေပေးခြင်းမပြုရ။

(ဃ) ပဋိညာဉ်တစ်ရပ်သည် ၆ လအတွင်း ရပ်စဲသွားနိုင်ခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်နိုင်ခြင်း ရှိစေကာမူ တရားရုံး၏ သို့မဟုတ် စစ်ဆေးရေးကော်မတီ၏ သို့မဟုတ် မြီရှင်များ၏ အတည်ပြုချက်ရှိလျှင်မှတစ်ပါး ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ကိုယ်စား ပဋိညာဉ်တစ်ရပ်အား ၆ လ ထက်ကျော်လွန်၍ ချုပ်ဆိုပေးခြင်း မပြုရ။

(င) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကျိုးကြောင်းဆီလျော်သည့် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ စာအုပ်စာတမ်းများကို စစ်ဆေးပိုင်ခွင့်ရှိသည်။

(စ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားနှင့်အညီ ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များနှင့် ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲခြင်းနှင့် ပိုင်းခြားခွဲဝေခြင်း ပြုရမည်။

(ဆ) ဤဥပဒေအရ အာဏာများကို ကျင့်သုံးသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်နေသူထံသို့ ကုမ္ပဏီပိုင်ပစ္စည်းကို ခွဲဝေပေးအပ်ခြင်းပြုလုပ်ခဲ့လျှင် မြီရှင်များကော်မတီ (ရှိလျှင်) သို့ ယင်းအကြောင်းအရာနှင့်ပတ်သက်၍ အသိပေးအကြောင်းကြားစာ ပေးပို့ရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံတင်ပြရန်တာဝန်**

၁၈၀။ (က) ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ပြီးနောက် တစ်နှစ်အတွင်းဆောင်ရွက်ပြီးစီးခြင်း မရှိသေးပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် ပုံစံအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ ရောက်ရှိနေသည့်အခြေအနေတို့ပါဝင်သည့် အစီရင်ခံစာတစ်စောင် ရေးသားပြုစု၍ မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ အစီရင်ခံစာကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြီးဆုံးသွားသည်အထိ နှစ်စဉ်တင်ပြရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ဤပုဒ်မကို လိုက်နာရန်ပျက်ကွက်ပါက -

(၁) မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်သိန်းထက်မပိုသည့်ဒဏ်ကြေးငွေကို တပ်ရိုက်နိုင်သည်။

(၂) ထို့အပြင် တရားရုံးသည် ၎င်းအား သတ်မှတ်ထားသည့်ကာလအတွင်း အစီရင်ခံစာတင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရာထူး လစ်လပ်ခြင်း**

၁၈၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် -

(က) ၎င်း၏ရာထူးတာဝန်မှ နုတ်ထွက်နိုင်သည်။

(ခ) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင်အဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိမှု ရပ်စဲသွားချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ခြင်းမှ နုတ်ထွက်ရမည်။

(ဂ) အပြီးသတ်အစည်းအဝေးကျင်းပပြီးနောက် ၎င်း၏ အစီရင်ခံတင်ပြရန်တာဝန်အား ကျေနပ်လက်ခံသည်အထိ ဆောင်ရွက်၍ တတ်နိုင်သမျှဆောလျင်စွာပြီးစီးသွားချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်မှ နုတ်ထွက်ရမည်။

(ဃ) ၎င်းသေဆုံးလျှင် နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှထုတ်ပယ်ခြင်း**

၁၈၂။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ရာထူးမှထုတ်ပယ်ပြီး အောက်ပါအခြေအနေများတွင် အခြားသူအား အစားထိုးခန့်အပ်နိုင်သည် -

(က) ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက ဤကိစ္စအလို့ငှာ အထွေထွေအစည်းအဝေးကျင်းပပြီး ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင်ဖြစ်စေ၊

(ခ) မြီရှင်များ၏ ဆန္ဒအလျောက် သို့မဟုတ် တရားရုံး၏အမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက နည်းလမ်းတကျကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင်ဖြစ်စေ၊

(ဂ) မည်သည့်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင်မဆို ထိုသို့ထုတ်ပယ်ရန်အကြောင်း သက်သေထင်ရှားပြနိုင်၍ တရားရုံးက အမိန့်ချမှတ်ခဲ့လျှင်ဖြစ်စေ။

**လစ်လပ်နေသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရာထူး ဖြည့်စွက်ခန့်ထားခြင်း**

၁၈၃။ လစ်လပ်နေသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရာထူးကို အောက်ပါနည်းလမ်းများဖြင့် ဖြည့်စွက်ခန့်ထားနိုင်သည် -

(က) ကုမ္ပဏီတွင် ပါဝင်သူများ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက ဤကိစ္စအလို့ငှာ အထွေထွေအစည်းအဝေးကျင်းပပြီး ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင်ဖြစ်စေ၊

(ခ) မြီရှင်များ၏ ဆန္ဒအလျောက် သို့မဟုတ် တရားရုံး၏ အမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ ကျင်းပသောမြီရှင်များအစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင်ဖြစ်စေ၊

(ဂ) မည်သည့်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင်မဆို တရားရုံးက အမိန့်ချမှတ်ခဲ့လျှင်ဖြစ်စေ၊

(ဃ) တစ်ဦးထက်ပိုသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများရှိသည့်အနက် တစ်ဦးမှ နုတ်ထွက်ခြင်းဖြစ်ပါက ကျန်ရှိသူစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ၏ ဆန္ဒအရ အစားထိုးခန့်အပ်ခြင်းဖြင့်ဖြစ်စေ။

**ကုမ္ပဏီက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်မှုမပြုခြင်း သို့မဟုတ် အမည်စာရင်းမတင်ပြခြင်း**

၁၈၄။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစဉ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ခြင်းမပြုရသေးလျှင် သို့မဟုတ် မည်သူကမျှ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်နေခြင်းမရှိလျှင် ဒါရိုက်တာများသည် ၎င်းတို့၏ အခွင့်အာဏာကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျင့်သုံးနိုင်သည်။

(ခ) သို့ရာတွင် ဒါရိုက်တာများသည် အောက်ပါကန့်သတ်ထားသော ရည်ရွယ်ချက်များတွင် တရားရုံး၏ ခွင့်ပြုချက်မပါသော်လည်း ကျင့်သုံးနိုင်သည် -

(၁) မြီရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ပုဒ်မ ၁၅၆ (မြီရှင်များအစည်းအဝေး) နှင့် ပုဒ်မ ၁၅၇ (ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ကြေညာချက်) ကို လိုက်နာမှုရှိစေရန် လိုအပ်သည့်အတိုင်းအတာအထိ၊

(၂) ပျက်စီးလွယ်သည့် ကုန်ပစ္စည်းများအား စီမံခန့်ခွဲဆောင်ရွက်ခြင်း၊

(၃) ကုမ္ပဏီပိုင်ပစ္စည်းများကို ကာကွယ်ရန်အတွက်လိုအပ်သည့် အခြားသော ဆောင်ရွက်ချက်အားလုံး။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတာဝန်မှ စွန့်လွှတ်ခြင်း**

၁၈၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏တာဝန်မှ ရပ်စဲသွားသည့်အခါဖြစ်စေ၊ နောက်ဆုံးအပြီးသတ်ခွဲဝေခြင်း (ရှိလျှင်) ပြီးစီး၍ အပြီးသတ်အစည်းအဝေးကို ကျင်းပပြီးစီးသွားလျှင်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ၎င်းအား ထိုကုမ္ပဏီနှင့်စပ်လျဉ်း၍ တာဝန်ရှိမှုများမှ စွန့်လွှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲရာတွင် နည်းလမ်းတကျ မဆောင်ရွက်ခဲ့ခြင်း ရှိ မရှိ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ကျင့်ဝတ်ကိုလိုက်နာခဲ့ခြင်း ရှိ မရှိ ကို ထည့်သွင်းစဉ်းစားရမည်။ သို့ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်စဉ် ပြုမူဆောင်ရွက်ချက်များနှင့်ပတ်သက်၍ -

(၁) အရေးကြီးသည့်အချက်အလက်များကို လိမ်လည်လှည့်ဖြားခဲ့ကြောင်း သို့မဟုတ် ဖျောက်ဖျက် သို့မဟုတ် ဖုံးကွယ်ထိမ်ချန်ခဲ့ကြောင်း သက်သေထင်ရှားပါက ထိုခွင့်ပြုခဲ့သည့်အမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ထို့အပြင်

(၂) ပုဒ်မ ၂၁၇ အရ အရေးယူခြင်းကို မထိခိုက်စေရ။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆုံးဖြတ်ချက်အား တရားရုံးသို့ လျှောက်ထားခြင်း**

၁၈၆။ တစ်စုံတစ်ဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်ကြောင့် ထိခိုက်နစ်နာခဲ့လျှင် ထိုသူသည် တရားရုံးသို့လျှောက်ထားနိုင်ပြီး တရားရုံးမှ ကြားနာပြီးနောက် ထိုဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုစေရန် အမိန့်ချမှတ်နိုင်သည်။

**ခန့်အပ်ထားမှုကို အကျိုးသက်ရောက်စေသည့် လာဘ်ပေးလာဘ်ယူပြုရန် ဖြားယောင်းခြင်း**

၁၈၇။ တစ်ဦးတစ်ယောက်သည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး သို့မဟုတ် မြီရှင်တစ်ဦးဦးအား တန်ဖိုးရှိသော အဖိုးစားနားတစ်ခုခုကို အောက်ပါတို့အတွက် ပေးလျှင် သို့မဟုတ် ပေးရန်သဘောတူညီလျှင် သို့မဟုတ် ပေးရန်ကမ်းလှမ်းလျှင် မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ် နှစ်ဆယ့်ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည် -

(က) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ၎င်းအား ခန့်အပ်စေရန် သို့မဟုတ် အမည်စာရင်းတင်သွင်းစေရန် သို့မဟုတ်

(ခ) အခြားသူတစ်ဦးတစ်ယောက်အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်စေရန် သို့မဟုတ် ထိုသူအား အမည်စာရင်းတင်သွင်းစေရန် သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် အမည်စာရင်းပေးခြင်းအား ပိတ်ပင်တားဆီးရန်။

# အခန်း (၇)

## ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

**ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေကြောင်း အသိပေးကြေညာခြင်း**

၁၈၈။ (က) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေပါက အောက်ပါကိစ္စရပ်များ၌ ထိုသို့ ဆောင်ရွက်နေကြောင်း ဖော်ပြပါရှိရမည် -

(၁) ကုမ္ပဏီ၊ ကုမ္ပဏီကိုယ်စား သို့မဟုတ် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကုမ္ပဏီပိုင်ပစ္စည်းများကို စီမံခန့်ခွဲသူ သို့မဟုတ် ပစ္စည်းထိန်းတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများအားလုံး၊

(၂) ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်များအားလုံး။

(ခ) ပုဒ်မခွဲ (က) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကို ဆိုသည်။

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့် ကုမ္ပဏီအရာရှိ၊ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို စီမံခန့်ခွဲသူ သို့မဟုတ် ပစ္စည်းထိန်းအား မှတ်ပုံတင်အရာရှိသည် ကျပ် တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်**

၁၈၉။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ပြီးနောက် ၎င်းသည် ကုမ္ပဏီကိစ္စများနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကိုပြုစုလျက် ၎င်းထံပေးပို့ရန်အတွက် အကြောင်းကြားစာ ရေးသားထုတ်ဆင့်ပေးပို့နိုင်သည်။

(ခ) ပုဒ်မခွဲ (က) နှင့်ပတ်သက်၍ နည်းဥပဒေတွင် အောက်ပါတို့ကို အထူးပြုဖော်ပြစေရမည် -

(၁) စာဖြင့် ရေးသားသော အကြောင်းကြားစာ၏ပုံစံ၊

(၂) ဆက်နွယ်သည့်ပုဂ္ဂိုလ်များနှင့်

(၃) ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်၏ပုံစံနှင့် ယင်းပုံစံတွင် ပါရှိရမည့် အချက်များ။

(ဂ) ဤပုဒ်မအရ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြရန် တာဝန်ရှိသူသည် စာဖြင့် ရေးသားပေးပို့သည့် အကြောင်းကြားစာကို ရရှိပြီးနောက် ၂၁ ရက်အတွင်း ထိုထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

(ဃ) ဤပုဒ်မအရ တင်ရှိသောတာဝန်များကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ တစ်စုံတစ်ဦးသည် လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေတပ်ရိုက်နိုင်သည်။

**မြီရှင်များကော်မတီအား ဖွဲ့စည်းခြင်း**

၁၉၀။ (က) မည်သည့်မြီရှင်များအစည်းအဝေးတွင်မဆို မြီရှင်များက သင့်သည်ထင်မြင်လျှင် ဤဥပဒေအရ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်များကို ကျင့်သုံးရန်ဖြစ်စေ၊ ဤဥပဒေအရ ဆောင်ရွက်ရမည်တို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန်အတွက် မြီရှင်များကော်မတီကို ဖွဲ့စည်းနိုင်သည်။

(ခ) နည်းဥပဒေတွင် ကော်မတီအတွက်ဖြစ်စေ၊ ကော်မတီနှင့် ဆက်စပ်လျက်ဖြစ်စေ မြီရှင်များ ကော်မတီဖွဲ့စည်းမှု၊ ကော်မတီအစည်းအဝေးကျင်းပခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် မဲပေးပုံတို့နှင့် ပတ်သက်သည့်ပြဋ္ဌာန်းချက်များကို ထည့်သွင်းနိုင်သည့်အပြင် ကော်မတီ၏နောက်ထပ်လုပ်ငန်း တာဝန်များကိုလည်း ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

**မြီရှင်များက စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးခြင်း**

၁၉၁။ (က) စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီးသည့် မည်သည့်အချိန်တွင်မဆို မြီရှင်နှင့် ကြွေးမြီဆပ်ရန် တာဝန်ရှိသူတို့က စစ်ဆေးခွင့်တောင်းခံပါက တရားရုံးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီလက်ဝယ်ရှိသော စာအုပ်စာတမ်းများအား စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်း မရှိစေရ -

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း သို့မဟုတ်

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုယ်တိုင်က စစ်ဆေးခြင်းကိုခွင့်ပြုခြင်း။

**တရားရုံးသို့လျှောက်ထားခြင်း**

၁၉၂။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှ ပေါ်ပေါက်လာသော မည်သည့်ကိစ္စရပ်အတွက်မဆို တရားရုံး၏ လမ်းညွှန်ချက်ရယူရန် လျှောက်ထားနိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် မြီရှင်သည် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှပေါ်ထွက်လာသည့် မေးခွန်း တစ်ခုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးက ထိုမေးခွန်းအပေါ် လမ်းညွှန်ချက်ပေးလျှင် သို့မဟုတ် မေးခွန်းကိုဆုံးဖြတ်ပေးလျှင် တရားမျှတပြီး အကျိုးဖြစ်စေမည်ဟု ကျေနပ်ယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း စည်းကမ်းသတ်မှတ်ချက်များသတ်မှတ်၍ လျှောက်ထားချက်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ လက်ခံနိုင်သည့်အပြင် အခြားသင့်သည် ထင်မြင်သည့်အမိန့်ချမှတ် နိုင်သည်။

**တရားရုံး၏ထပ်ဆင့်အာဏာများ**

၁၉၃။ ဤဥပဒေအရ တရားရုံးအား အပ်နှင်းထားသည့် အခွင့်အာဏာများသည် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ သို့မဟုတ် ကုမ္ပဏီ၏ မြီစားနှင့်ပတ်သက်၍ တရားစွဲဆိုမှုတင်သွင်းရန် လက်ရှိကျင့်သုံးနိုင်သော အခွင့်အာဏာ တစ်ခုခုကို ကန့်သတ်ခြင်းမဟုတ် ဖြည့်စွက်ခြင်းသာဖြစ်သည်။

## ခွဲဝေရမည့်ဦးစားပေးအစီအစဉ်များ

**ကြွေးမြီဦးစားပေးအဆင့်တူညီခြင်း**

၁၉၄။ ဤဥပဒေအရ အခြားကြွေးမြီဦးစားပေးအစီအစဉ်သတ်မှတ်ထားလျှင်မှအပ ကုမ္ပဏီစာရင်းရှင်းလင်း ဖျက်သိမ်းခြင်းတွင် သက်သေထင်ရှားပြသပြီး ကြွေးမြီများနှင့်တောင်းခံမှုများသည် တူညီသောအဆင့်ရှိသည်။ ကုမ္ပဏီတွင် အပြည့်အဝပေးချေရန်အတွက် လုံလောက်သောပိုင်ဆိုင်မှုမရှိလျှင် အချိုးကျ ခွဲဝေပေးရမည်။

**ကုမ္ပဏီပိုင်ပစ္စည်းများ ခွဲဝေပေးခြင်း**

၁၉၅။ ဤအပိုင်းအရ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ကုမ္ပဏီပိုင်ပစ္စည်းများကို အောက်ပါအတိုင်း ခွဲဝေရမည် -

(က) သက်ဆိုင်ရာအခန်းတွင် ပြဋ္ဌာန်းထားသော ဦးစားပေးတောင်းခံမှုများကို ကနဦး ဦးစားပေးခြင်း၊

(ခ) ဒုတိယအနေဖြင့် ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ကုမ္ပဏီက ပေးရန်ရှိသည့် ကြွေးမြီများကို ဦးစားပေးအဆင့် တူညီစွာခွဲဝေပေးခြင်း၊

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင် အခြားနည်းဖော်ပြထားခြင်းမရှိလျှင် ကုမ္ပဏီတွင် ပါဝင်သူများအကြား ၎င်းတို့၏ အခွင့်အရေးများနှင့် အကျိုးအမြတ်များအရ ခွဲဝေပေးခြင်း။

**ဦးစားပေးတောင်းခံမှုများကို ပေးချေခြင်း**

၁၉၆။ (က) ဤပုဒ်မတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(၁) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ စရိတ်များဆိုသည်မှာ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှ စနစ်တကျ ကျခံခဲ့ရသောကုန်ကျစရိတ်များကို ဆိုသည်။

(၂) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ ဝန်ဆောင်စရိတ်ဆိုသည်မှာ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ ရပိုင်ခွင့်ရှိသော လုပ်အားခငွေများကို ဆိုသည်။

(၃) သက်ဆိုင်သောဝန်ထမ်းဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များမှအပ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီကာလတွင် ထိုကုမ္ပဏီ၏ ဝန်ထမ်းများကို ဆိုသည် -

(ကက) ဒါရိုက်တာ သို့မဟုတ်

(ခခ) ယခင်ဒါရိုက်တာ။ (ယခင်ဒါရိုက်တာဆိုသည်မှာ ဒါရိုက်တာရာထူးမှ ရပ်စဲသွားချိန်မတိုင်မီအထိ ကုမ္ပဏီ၏ ဒါရိုက်တာ တာဝန်ထမ်းဆောင်ခဲ့သူ)

(၄) ကုမ္ပဏီနှင့် သက်ဆိုင်သည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များကို ဆိုသည် -

(ကက) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊

(ခခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အချိန်၌ ကုမ္ပဏီသည် အပိုင်း (၅) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေလျှင် ၎င်း၏ ပြန်လည်ထူထောင်ရေးမန်နေဂျာ၊

(ဂဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အချိန်၌ ကုမ္ပဏီသည် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေသည်ဆိုလျှင် ၎င်း၏ ပြန်လည်ထူထောင်ရေးအကြံပေး။

(၅) သက်ဆိုင်ရာဝန်ထမ်းများ၏ ရပိုင်ခွင့်ဆိုသည်မှာ ပုဒ်မခွဲ (ခ) တွင် ပြဋ္ဌာန်းထားသော အမျိုးအစားများတွင် အကျုံးဝင်ပြီး ထိုရပိုင်ခွင့်များအား အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ဆောင်ရွက်ခဲ့သော ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွင်း ပေးချေခဲ့ခြင်းမရှိလျှင် ထိုရပိုင်ခွင့်များကိုလည်း ဆက်စပ်သောဦးစားပေးအစဉ်တွင် ထည့်သွင်းရမည်ဟု ဆိုသည်။

(ခ) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာ အောက်ဖော်ပြပါ ကြွေးမြီနှင့်တောင်းခံမှုများကို ကုမ္ပဏီ၏ ပေးရန်ရှိသော အာမခံအကျိုးခံစားခွင့်မရရှိသည့် ကြွေးမြီ သို့မဟုတ် တောင်းခံမှုများထက် ဦးစားပေးလျက် အောက်ပါအစဉ်အတိုင်း ပေးချေရမည်ဖြစ်သည် -

(၁) ဦးစွာလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ ကုန်ကျစရိတ်များ၊

(၂) ထို့နောက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို တရားရုံးမှခန့်အပ်ခဲ့ခြင်းဖြစ်ပါက ထိုအမိန့်ရရှိရန် လျှောက်ထားခြင်းအတွက် ကုန်ကျခဲ့သောတရားရုံးစရိတ်များ၊

(၃) ထို့နောက် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ ဝန်ဆောင်စရိတ်၊

(၄) ထို့နောက် ကုမ္ပဏီမှ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီ အလုပ်လုပ်ကိုင်ခဲ့သော သက်ဆိုင်သည့် ဝန်ထမ်းများအား ပေးရန်ရှိသည့် လုပ်အားခနှင့် လစာများ သို့မဟုတ် အခြားသော ဝန်ဆောင်စရိတ်များ၊

(၅) ထို့နောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီ အလုပ်လုပ်ကိုင်ခဲ့သော သက်ဆိုင်သည့် ဝန်ထမ်းများအား ပေးရန်ရှိသည့် ခွင့်ရက်ဆိုင်ရာ ရပိုင်ခွင့်များ၊

(၆) ထို့နောက် သက်ဆိုင်သောဝန်ထမ်းများအား ပေးရန်ရှိသည့် အလုပ်မှရပ်နားခြင်းဆိုင်ရာ ရပိုင်ခွင့်များ၊

(၇) ထို့နောက် သက်ဆိုင်သောဝန်ထမ်းများအား ပေးရန်ရှိသည့် လုပ်ငန်းခွင်အတွင်း ထိခိုက်နစ်နာမှုတို့နှင့်ပတ်သက်သည့် လျော်ကြေးငွေများ၊

(၈) ထို့နောက် နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခြားသော ကြွေးမြီများ။

(ဂ) အထက်ပုဒ်မခွဲတွင် ရည်ညွှန်းထားသော ကြွေးမြီများအနက် အတန်းအစားတူညီသော ကြွေးမြီများသည် ဦးစားပေးအဆင့်တူညီပြီး ကုမ္ပဏီတွင် ပေးချေရန်အတွက် လုံလောက်သော ပိုင်ဆိုင်မှုမရှိလျှင်မှတစ်ပါး အပြည့်အဝပေးချေရမည်။ လုံလောက်မှုမရှိလျှင် အချိုးကျခွဲဝေပေးမည်။

## ကြွေးမြီများအပေါ် တင်ရှိသည့်အတိုး

၁၉၇။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် သက်သေထင်ရှားပြသထားသည့် ကြွေးမြီများကို ပေးဆပ်ပြီးနောက် ကျန်ရှိသည့်ပိုငွေတစ်ရပ်ရပ်ကို ကုမ္ပဏီသည် အခြားသော ကိစ္စတစ်ခုခုအတွက် အသုံးပြုခြင်းမပြုမီ စာရင်းရှင်းလင်းဖျက်သိမ်းမှုစတင်ခဲ့သည့် ကာလများအတွင်း ထိုသက်သေထင်ရှားပြသထားသည့် ကြွေးမြီအတွက် တင်ရှိနေသည့်အတိုးအား ပေးဆပ်ရမည်။

(ခ) ဤပုဒ်မပါ အတိုးအား အဆင့်အတန်းသတ်မှတ်ရာတွင် မူရင်းကြွေးမြီများသည် ဦးစားပေးအဆင့်အတန်းတူညီသည်ဖြစ်စေ၊ မတူညီသည်ဖြစ်စေ အတိုးငွေအား ဦးစားပေးအဆင့်အတန်းတူညီစွာ သတ်မှတ်ရမည်။

(ဂ) ကြွေးမြီတစ်ခုခုနှင့်ပတ်သက်၍ ဤပုဒ်မအရ ပေးရမည့်အတိုးနှုန်းသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှလွဲ၍ ယင်းကြွေးမြီအတွက် သတ်မှတ်သည့်အတိုးနှုန်းဖြစ်သည်။ ထိုသို့သတ်မှတ်ချက်မရှိပါက နည်းဥပဒေတွင် သတ်မှတ်ထားသည့် အတိုးနှုန်းဖြစ်သည်။

## ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်း

၁၉၈။ (က) ဤပုဒ်မပါ ကြွေးမြီအဆင့်သီးခြားသတ်မှတ်ခြင်းဆိုသည်မှာ မြီရှင်နှင့် ကုမ္ပဏီတို့၏ သဘောတူညီချက်အရ ကုမ္ပဏီက ပေးဆပ်ရမည့် သတ်မှတ်ကြွေးမြီတစ်ရပ် သို့မဟုတ် ယင်းကြွေးမြီ၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို သတ်မှတ်အတိုင်းအတာတစ်ခုအထိ ပေးဆပ်ပြီးမှသာလျှင် အခြားသော ကြွေးမြီတို့အား ပေးဆပ်စေခြင်းကို ဆိုသည်။

(ခ) ပုဒ်မခွဲ (က) အရ မြီရှင်တစ်ဦး၏ ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်းကြောင့် ထိုသဘောတူညီချက်တွင် ပါဝင်ခြင်းမရှိသည့် သို့မဟုတ် ထိုသဘောတူညီချက်နှင့် သက်ဆိုင်ခြင်းမရှိသည့် မြီရှင်အား နစ်နာခြင်းမဖြစ်စေသည့် အတိုင်းအတာမှတစ်ပါး ဤအပိုင်းတွင်ပါဝင်သည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ ထိုသို့ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

## အာမခံပဋိညာဉ်စာချုပ်များမှ ရရှိငွေများကို လျှော့က်ထားခြင်း

၁၉၉။ (က) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီ တတိယပုဂ္ဂိုလ်အတွက် သူတစ်ပါး ထိခိုက်မှုအာမခံကို အာမခံကုမ္ပဏီနှင့်အာမခံစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ယင်းအာမခံ ပဋိညာဉ်စာချုပ်အရ ကုမ္ပဏီကဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အာမခံကုမ္ပဏီမှ ပေးလျော်သည့် အာမခံကြေးကို လက်ခံရရှိပါက ထိုအာမခံကြေးကို ရရှိနိုင်ရန်အတွက် ကုန်ကျခဲ့သော ကုန်ကျစရိတ်ကို နုတ်ပယ်လျက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်

အဆိုပါ ထိခိုက်နစ်နာသည့် တတိယပုဂ္ဂိုလ်ထံ ပေးဆပ်ရန် တာဝန်ရှိသည့်ပမာဏအား ပုဒ်မ ၁၉၆ ပါ အခြားကြွေးမြီများထက် ဦးစားပေး၍ ပေးချေရမည်။

(ခ) အာမခံကုမ္ပဏီက ကုမ္ပဏီသို့ ပေးရန်တာဝန်ရှိသော လျော်ကြေးပမာဏသည် ကုမ္ပဏီက ထိခိုက်နစ်နာသည့် တတိယပုဂ္ဂိုလ်ထံပေးရန် တာဝန်ရှိသည့်ပမာဏထက် လျော့နည်းနေပါက ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် ထိုတတိယပုဂ္ဂိုလ်မှ ရရန်ကျန်ရှိသည့်ငွေအား ရပိုင်ခွင့် အခွင့်အရေးကို ပိတ်ပင်ခြင်းမရှိစေရ။

## ကြွေးမြီနှင့် တောင်းဆိုမှုများကို စီရင်ခြင်း

### သက်သေခံအထောက်အထားပြသရန် ခွင့်ပြုသည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုများ

၂၀၀။ (က) စာရင်းရှင်းလင်းဖျက်သိမ်းမှုတိုင်းတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်းမပြုမီ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ကုမ္ပဏီက ပေးဆပ်ရန်ရှိသည့် ကြွေးမြီများနှင့် တောင်းဆိုမှုများသည် လက်ရှိ သို့မဟုတ် အနာဂတ်အတွက်ဖြစ်သည်၊ တိကျသေချာမှု ရှိသည် မရှိသည်၊ စုံစမ်းပေါ်ပေါက်သည် သို့မဟုတ် နစ်နာကြေးအတွက် ခိုင်လုံသောအနေအထားရှိသည် စသည်တို့ကို သက်သေခံအထောက်အထားအဖြစ် တင်ပြရန် ခွင့်ပြုနိုင်သည်။

(ခ) ကုမ္ပဏီက ပေးရန်ရှိသည့် ကြွေးမြီများ သို့မဟုတ် ကုမ္ပဏီအပေါ် တောင်းဆိုမှုများသည် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ချိန် သို့မဟုတ် စတင်ပြီးနောက်ပိုင်းမှ ပေါ်ပေါက်လျှင် ဖျက်သိမ်းမှုပြုနေသည့် ကုမ္ပဏီနှင့်ပတ်သက်၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို သက်သေခံ အထောက်အထားအဖြစ် အောက်ပါအခြေအနေများတွင် တင်ပြခွင့်ပြုနိုင်သည် -

(၁) ပြန်လည်ထူထောင်ရေးဆောင်ရွက်ခဲ့သည့်အချိန် သို့မဟုတ် ကုမ္ပဏီသည် အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ဆောင်ရွက်နေသည့်အချိန်တွင် အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ခဲ့လျှင်၊ ထို့ပြင်

(၂) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် ဆုံးဖြတ်ချက်မချမီ သို့မဟုတ် တရားရုံးက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းစေသည့်အမိန့် ချမှတ်ခြင်းမပြုမီ တစ်ဆက်တည်း အချိန်တွင် ကုမ္ပဏီသည် ထိုပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ဆောင်ရွက်နေဆဲဖြစ်လျှင်၊ ထို့ပြင်

(၃) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်အတွင်း ထိုတောင်းဆိုမှု သို့မဟုတ် တာဝန်ရှိမှုကို ပေးချေခဲ့ခြင်းမရှိလျှင်။

(ဂ) ကုမ္ပဏီတွင် ပါဝင်သူ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတို့က ကုမ္ပဏီသို့ ပေးရန်တာဝန်ရှိသည့် ကြွေးမြီပမာဏအားလုံးကို ကုမ္ပဏီ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးချေခြင်းမပြုရသေးပါက ယင်းကြွေးမြီနှင့်ပတ်သက်ပြီး ကုမ္ပဏီကိုဆန့်ကျင်၍ သက်သေခံ အထောက်အထား တင်ပြခွင့်မပြုနိုင်။

### ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများနှင့်ပတ်သက်၍ သက်သေခံအထောက်အထား တင်ပြခြင်း

၂၀၁။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မြီရှင်များအားလုံး သို့မဟုတ် တစ်ဦးဦးကို ကုမ္ပဏီ အပေါ်ရှိ ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြသရန် ဆင့်ခေါ်သည့်အခါတွင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပါ ဆင့်ခေါ်ခြင်းခံရသည့် ထိုမြီရှင်များသည် နည်းဥပဒေအရ သတ်မှတ်ထားသည့်ပုံစံတွင် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု နှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားကို သတ်မှတ်ထားသည့် စာရွက်စာတမ်းများ

ပူးတွဲလျက် သတ်မှတ်သည့်အချိန်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြသစေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ မည်သည့်အချက်ကမျှ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆင့်ခေါ်ခြင်း မရှိသဖြင့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုအား သက်သေထင်ရှားပြသခွင့်ကို ပိတ်ပင်ခြင်း မရှိစေရ။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မခွဲ (က) အရ သက်သေထင်ရှားပြသရန် မဆင့်ခေါ်ခဲ့ခြင်းကြောင့် ယင်းကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို ငြင်းပယ်ခြင်း မပြုရ။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီနှင့် ပတ်သက်သည့် ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို ဆုံးဖြတ်ပေးရမည်။

(ဃ) တစ်ဦးတစ်ယောက်၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်နှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ဤပုဒ်မနှင့်အညီ ဆုံးဖြတ်ချက်ချပြီးနောက်တွင် ထိုသူက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆုံးဖြတ်ချက်ကိုမကျေနပ်လျှင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အပြန်အလှန်သွင်းငွေနှင့် ခုနှိမ်ခြင်း

၂၀၂။ (က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆောင်ရွက်နေသည့် ကြွေးမြီမပေးဆပ်နိုင်သော ကုမ္ပဏီနှင့် ယင်းကုမ္ပဏီထံမှ ကြွေးမြီရရန်ရှိသူ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်ပြုလုပ်ထားသူ ပုဂ္ဂိုလ်တို့အကြား အပြန်အလှန်ပေးသွင်းမှု၊ အပြန်အလှန်ငွေထုတ်ယူမှု သို့မဟုတ် အခြားသော အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများရှိသည့်အခါတွင် -

(၁) ငွေစာရင်းဆိုသည်မှာ ထိုအပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ တစ်ဖက်မှ အခြားတစ်ဖက်သို့ ပေးရမည့်အရာဟု မှတ်ယူရမည်။

(၂) တစ်ဖက်မှ ပေးချေရမည့်ပမာဏသည် အခြားတစ်ဖက်မှ ပြုလုပ်ပေးရမည့် ပမာဏ တစ်ခုခုမှ ခုနှိမ်ရမည်။

(၃) ငွေစာရင်း၏ လက်ကျန်ငွေကို ကုမ္ပဏီက ပေးရန် သို့မဟုတ် ရရန်ရှိသည်တို့အတွက် သက်သေခံအထောက်အထားအဖြစ် တင်ပြစေနိုင်သည်။

(ခ) လူတစ်ဦးသည် ကုမ္ပဏီသို့ ငွေပေးသွင်းချိန် သို့မဟုတ် ကုမ္ပဏီမှ ငွေရရှိချိန်၌ ကုမ္ပဏီသည် ကြွေးမြီမပေးဆပ်နိုင်သူဖြစ်ကြောင်း သိရှိပြီးဖြစ်လျှင် ထိုသူသည် ဤပုဒ်မအရ ခုနှိမ်ပေးရန် တောင်းဆိုခွင့်မရှိစေရ။

## အချိန်မီ သက်သေထင်ရှားမပြနိုင်သည့် မြီရှင်များကိုဖယ်ထုတ်ရန် အခွင့်အာဏာ

၂၀၃။ တရားရုံးသည် မြီရှင်များက ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြရန် အချိန်ကာလ သတ်မှတ်ပေးနိုင်သည်။ သတ်မှတ်ကာလအတွင်း သက်သေထင်ရှားမပြနိုင်လျှင် ယခင်က သက်သေထင်ရှားပြီးဖြစ်သော ကြွေးမြီများကို ခွဲဝေပေးရာတွင် ထိုမြီရှင်အား ဖယ်ထုတ်ရမည်။

## အာမခံအကျိုးခံစားခွင့်ရမြီရှင်က ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြခြင်း

၂၀၄။ (က) ဤပုဒ်မသည် ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီအပေါ် သက်သေခံအထောက်အထားတင်ပြမှုနှင့် သက်ဆိုင်စေရမည်။

(ခ) ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေ၏ အခြားသော ပြဋ္ဌာန်းချက် သို့မဟုတ် ကြွေးမြီတစ်ရပ်အား သက်သေထင်ရှားပြသခြင်းနှင့်သက်ဆိုင်သည့် နည်းဥပဒေပါ

ပြဋ္ဌာန်းချက်မှလွဲ၍ အာမခံအကျိုးခံစားခွင့်ရှိသည့် ကြွေးမြီတစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားနည်းအားဖြင့် သက်သေခံအထောက်အထား တင်ပြနိုင်ခွင့်မရှိစေရ။

(ဂ) အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် ကြွေးမြီနှင့်ပတ်သက်သည့် သက်သေခံအထောက်အထား တင်ပြရာတွင် စာဖြင့်ရေးသားတင်ပြရမည်။

(ဃ) ယေဘုယျအားဖြင့် အာမခံအကျိုးခံစားခွင့်ရမြီရှင်က မြီရှင်များအကျိုးအတွက် ၎င်း၏ အာမခံအကျိုးခံစားခွင့်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ စွန့်လွှတ်ပေးအပ်ခဲ့လျှင် အဆိုပါ မြီရှင်သည် အာမခံထားသည့်ကြွေးမြီ၏ ပမာဏတစ်ခုလုံးအတွက် သက်သေခံ အထောက်အထား တင်ပြနိုင်သည်။

(င) အာမခံအကျိုးခံစားခွင့်ရမြီရှင်က အာမခံပစ္စည်းကို ထုခွဲရောင်းချခဲ့ပြီး အဆိုပါ ထုခွဲရောင်းချမှုသည် သဘောရိုးဖြင့် သင့်တော်သည့်နည်းလမ်းများအရ ဆောင်ရွက်ခဲ့ကြောင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျေနပ်လျှင် မြီရှင်သည် ထုခွဲရောင်းချခဲ့ရာမှ ရရှိခဲ့သည့် အသားတင်ပမာဏကိုနုတ်ပြီးနောက် ကျန်ရှိသည့်ပမာဏအတွက် သက်သေခံ အထောက်အထားပြနိုင်သည်။

(စ) မြီရှင်သည် အာမခံပစ္စည်းကို ထုခွဲရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးအပ်ခြင်း မပြုရ သေးပါက ယင်း၏တန်ဖိုးကို ခန့်မှန်းတင်ပြနိုင်ပြီး ထိုသို့ခန့်မှန်းထားသည့် တန်ဖိုးကို နုတ်ပြီးနောက် ကျန်ရှိသည့်ပမာဏအတွက်ကိုသာ သက်သေခံအထောက်အထား ပြနိုင်သည်။

(ဆ) ပုဒ်မခွဲ (စ) အရ ကြွေးမြီအတွက် သက်သေခံအထောက်အထားတင်ပြရာတွင် အာမခံပစ္စည်း၏ အသေးစိတ်အချက်အလက်များနှင့် ခန့်မှန်းတန်ဖိုးပါဝင်ရမည်။

(ဇ) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ ကြွေးမြီအတွက် သက်သေခံအထောက်အထားတင်ပြရာတွင် မြီရှင်သည် အာမခံပစ္စည်း၏ ခန့်မှန်းတန်ဖိုးကိုနုတ်ပြီး ကျန်ရှိသည့်ပမာဏကိုသာ တင်ပြခဲ့ခြင်း ဖြစ်ပါက မြီရှင်သည် ခန့်မှန်းတန်ဖိုးကို ပြောင်းလဲပြင်ဆင်ရန်အလို့ငှာ ကြွေးမြီနှင့်ပတ်သက်သည့် သက်သေခံအထောက်အထားကို နောင်တွင် ပြောင်းလဲပြင်ဆင်တင်ပြနိုင်သည်။

(ဈ) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မခွဲ (ဇ) အရ ကြွေးမြီသက်သေခံ အထောက်အထားပြင်ဆင်ခဲ့သည့် မြီရှင်သည် ရပိုင်ခွင့်ရှိသည့်ပမာဏထက်ပို၍ ရရှိပါက နှောင့်နှေးမှုမရှိဘဲ ပိုနေသည့်ပမာဏကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပြန်ပေးရမည်။

(ည) ကုမ္ပဏီကို ဖျက်သိမ်းရာတွင် ကြွေးမြီသက်သေခံအထောက်အထားပြင်ဆင်ခဲ့သည့် မြီရှင်သည် ထိုပြင်ဆင်ထားသည့် ပမာဏထက်နည်း၍ရရှိပါက ခွဲဝေပေးပြီး ကျန်ရှိနေသည့်ငွေပမာဏနှင့် နောင်လာမည့်ခွဲဝေမှုများတွင် အကျုံးဝင်သော လျော့နည်းသည့်ပမာဏတို့ကို ဖြည့်စွက်ရပိုင်ခွင့် ရှိသည်။ သို့ရာတွင် မြီရှင်သည် ကြွေးမြီအထောက်အထားပြင်ဆင်ချက်မတိုင်မီက ပြုလုပ်ခဲ့သည့် ခွဲဝေမှုတွင် အကျိုးသက်ဆိုင်ခွင့်မရှိစေရ။

(ဋ) အာမခံအကျိုးခံစားခွင့်ရမြီရှင်က ကြွေးမြီသက်သေခံအထောက်အထားတင်ပြရာတွင် အာမခံခန့်မှန်းတန်ဖိုး ထုတ်နုတ်ပြီးနောက် ကျန်ရှိသည့်ပမာဏကို တင်ပြခဲ့ခြင်းဖြစ်ပြီး အဆိုပါ အာမခံပစ္စည်းကို ထုခွဲရောင်းချရာ၌ ခန့်မှန်းတန်ဖိုးအတိုင်း ရရှိခဲ့ခြင်းမရှိလျှင် ထိုခန့်မှန်း တန်ဖိုးနေရာ၌ အမှန်တကယ်ရောင်းချခဲ့သည့် အသားတင်ငွေကို အစားထိုးရမည်ဖြစ်ပြီး ထိုဆောင်ရွက်ချက်သည် ပုဒ်မခွဲ (ဇ) နှင့် (ည) တို့အရ ကြွေးမြီသက်သေခံအထောက်အထား ပြင်ဆင်ခဲ့ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**အာမခံပစ္စည်းများအနက်မှ ဆက်စပ်ဝန်ထမ်းများ၏ ဦးစားပေးမှုအစီအစဉ်**

၂၀၅။ ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ ဤပုဒ်မနှင့် သက်ဆိုင်စေရမည်ဖြစ်ပြီး ပုဒ်မ ၁၉၆ ပါ သက်ဆိုင်သည့် ဝန်ထမ်းများမှ ရရန်ရှိသော ဦးစားပေးရပိုင်ခွင့်များကို

အခြားနည်းဖြင့် ပေးချေနိုင်ခြင်းမရှိပါက အာမခံအကျိုးခံစားခွင့်ရှိသူ၏အာမခံကို ထုခွဲရောင်းချ၍ ရရှိသော အသားတင်ငွေအနက်မှ အဆိုပါ ဝန်ထမ်းများရရန်ရှိသောငွေကို အာမခံအကျိုးခံစားခွင့်ရှိသော ပုဂ္ဂိုလ်ထက် ဦးစားပေး၍ ပေးချေရမည်။

**ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းကို တာဝန်မယူကြောင်း ထုတ်ဖော်ကြေညာခွင့်**

၂၀၆။ (က) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းကို လက်ရောက်ရယူထားခဲ့လျှင် သို့မဟုတ် ရောင်းချရန်ကြိုးစားခဲ့လျှင် သို့မဟုတ် ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ပိုင်ရှင်၏အခွင့်အရေးများကို အခြားနည်းဖြင့် အသုံးပြုခဲ့ပြီးဖြစ်လျှင်ပင် ဤပုဒ်မအရ ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းတစ်ခုခုကို တာဝန်မယူကြောင်း နည်းဥပဒေဖြင့် သတ်မှတ်ထားသည့်ပုံစံနှင့်အညီ အကြောင်းကြားစာ ပေးပို့ပြင်းဆိုနိုင်သည်။

(ခ) ဤပုဒ်မ၏ ရည်ရွယ်ချက်များအလို့ငှာ အောက်ပါတို့သည် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ပစ္စည်းဖြစ်သည် -

(၁) အကျိုးအမြတ်မရှိသော ပဋိညာဉ်စာချုပ်နှင့်

(၂) မရောင်းချနိုင်သော သို့မဟုတ် အလွယ်တကူရောင်းချခြင်းမပြုနိုင်သော ကုမ္ပဏီပိုင် ပစ္စည်းများ သို့မဟုတ် ငွေကြေးပေးရန်တာဝန်တင်ရှိလာစေနိုင်သည့် သို့မဟုတ် အခြား ဝန်ထုပ်ဝန်ပိုးဖြစ်လာစေသည့် ပြုလုပ်မှုတစ်ခုခု။

(ဂ) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက်သည် -

(၁) တာဝန်မယူကြောင်း ထုတ်ဖော်ကြေညာသည့်နေ့မှစ၍ ကုမ္ပဏီတွင်ရှိမည့် အခွင့်အရေးများ၊ အကျိုးစီးပွားများနှင့် တာဝန်ရှိမှုများသည် ယင်းသို့ ထုတ်ဖော်ကြေညာသည့်ပစ္စည်း သို့မဟုတ် ပစ္စည်းနှင့်ဆက်နွှယ်၍ စတင်အကျိုးသက်ရောက်စေရမည်။ သို့ရာတွင်

(၂) ကုမ္ပဏီအား တာဝန်ရှိမှုတစ်ခုခုမှ စွန့်လွှတ်ရန် ရည်ရွယ်ချက်အလို့ငှာ လိုအပ်သည့်အခါမှ တစ်ပါး အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများကို မထိခိုက် စေရ။

(ဃ) အောက်ပါအခြေအနေများတွင် ပစ္စည်းတစ်ခုခုနှင့်ပတ်သက်၍ တာဝန်မယူကြောင်း အကြောင်းကြားစာအား ထုတ်ဆင့်ပေးပို့ခြင်း မပြုရ -

(၁) ပစ္စည်းတွင် အကျိုးသက်ဆိုင်သူသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ၎င်းမတိုင်မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူများထံသို့ စာဖြင့် ရေးသား၍ ၎င်းက တာဝန် ရှိ မရှိ ဆုံးဖြတ်ပေးရန်လျှောက်ထားခဲ့လျှင်၊ ထို့အပြင်

(၂) ဤပုဒ်မအရ ပစ္စည်းတစ်ရပ်နှင့်စပ်လျဉ်းပြီး ထိုသို့လျှောက်ထားမှုကို ပြုလုပ်သည့်နေ့မှ စတင်၍ ၂၈ ရက် ကာလ သို့မဟုတ် တရားရုံးက ထပ်မံတိုးမြှင့်သော အချိန်ကာလကို ကျော်လွန်ကုန်ဆုံးခဲ့သည့်တိုင်အောင် တာဝန်မယူကြောင်းကြေညာချက်အား ထုတ်ဆင့်ခဲ့ခြင်း မပြုခဲ့လျှင်။

(င) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက်ထုတ်ပြန်ခြင်းကြောင့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုရှိသူ မည်သူ့ကိုမဆို ၎င်းဆုံးရှုံးခဲ့မှု သို့မဟုတ် နစ်နာမှု၏ အတိုင်းအတာတစ်ခုအထိ ၎င်းအား ကုမ္ပဏီ၏ မြီရှင်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ထိုသူ၏ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် သက်သေခံအထောက်အထားအဖြစ် တင်ပြနိုင်သည်။

**ငှားရမ်းသည့် ပစ္စည်းအပေါ် တာဝန်မယူကြောင်းကြေညာချက်**

၂၀၇။ (က) ပုဒ်မ ၂၀၆ အရ ငှားရမ်းထားသည့် ပစ္စည်းတစ်ခုခုအပေါ် တာဝန်မယူကြောင်းကြေညာချက် သည် ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအသီးသီးထံသို့ တာဝန်မယူကြောင်း

ကြေညာချက်မိတ္တူကို ပေးပို့ထားခြင်းမရှိပါက အကျိုးသက်ရောက်မှုမရှိစေရ။ ထို့ပြင် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် အကျိုးသက်ရောက်မှုမရှိစေရ -

(၁) ဤပုဒ်မခွဲအရ နောက်ဆုံးအကြောင်းကြားစာ ပေးအပ်သည့်နေ့မှ စတင်ရေတွက်လျှင် ၁၄ ရက် ကာလမကုန်ဆုံးမီ ထိုပစ္စည်းနှင့်ပတ်သက်၍ ပုဒ်မ ၂၀၉ အရ တင်ပြလျှောက်ထားခြင်းမရှိလျှင် သို့မဟုတ်

(၂) ယင်းကဲ့သို့ လျှောက်လွှာကို ပြုလုပ်ပြီးသော်လည်း တာဝန်မယူကြောင်း ငြင်းဆိုခြင်းသည် အကျိုးသက်ရောက်လိမ့်မည်ဟု တရားရုံးက ညွှန်ကြားလျှင်။

( ခ ) တရားရုံးက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ညွှန်ကြားသည့်အခါ ပုဒ်မ ၂၀၉ အရ ချမှတ်ပေးသည့်အမိန့်တစ်ခုခုအစား သို့မဟုတ် ယင်းအမိန့်တွင် ထည့်သွင်းလျက် အငှားချထားခြင်းနှင့် စပ်လျဉ်းသည့် အမြစ်စွဲကပ်ထားသည့် ပစ္စည်းများ၊ အိမ်ငှား၏ တိုးတက်အောင် ဆောင်ရွက်မှုနှင့် အငှားချထားမှုမှ ပေါ်ပေါက်လာသည့် အခြားကိစ္စများအပေါ်တွင် အမိန့်ချမှတ်နိုင်သည်။

**တာဝန်မယူကြောင်း ငြင်းဆိုခြင်းနှင့်ပတ်သက်၍ တရားရုံး၏ သာမန်အခွင့်အာဏာများ**

၂၀၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပုဒ်မ ၂၀၆ အရ ပစ္စည်းကို တာဝန်မယူကြောင်း ငြင်းဆိုခဲ့သည်နှင့်တစ်ပြိုင်နက် ဤပုဒ်မနှင့် ပုဒ်မ ၂၀၉ ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

( ခ ) ဤပုဒ်မအရ တရားရုံးသို့ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားနိုင်သည် -

(၁) တာဝန်မယူကြောင်း ငြင်းဆိုထားသည့်ပစ္စည်းတွင် အကျိုးသက်ဆိုင်မှုရှိသည်ဟု တောင်းဆိုသူတစ်ဦးဦး သို့မဟုတ်

(၂) တာဝန်မယူကြောင်း ငြင်းဆိုထားသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ကြေညာချက်အရ ကင်းလွတ်ခွင့်ရသည့်တာဝန်မျိုးမဟုတ်သော တာဝန်တစ်ရပ်ရပ်တင်ရှိနေသူတစ်ဦး။

( ဂ ) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းကို အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံ အပ်နှင်းရန် သို့မဟုတ် လွှဲပြောင်းပေးအပ်ရန်အတွက် ဤပုဒ်မအရ လျှောက်ထားသည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ အမိန့်ချမှတ်နိုင်သည် -

(၁) ယင်းပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိသူ သို့မဟုတ် ထိုသူ၏ ယုံမှတ်အပ်နှံခံရသူ သို့မဟုတ်

(၂) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့်တာဝန်ရှိမှုကို လိုက်နာရသူ သို့မဟုတ် ထိုသူ၏ ယုံမှတ်အပ်နှံခံရသူ။

(ဃ) တာဝန်မယူကြောင်း ကြေညာချက်နှင့်ပတ်သက်ပြီး လိုက်နာရသူတစ်ဦးကို လျော်ကြေးပေးရန် ရည်ရွယ်၍ ပြုလုပ်ပါကတရားမျှတမည်ဟု ထင်မြင်သည်မှတစ်ပါး တရားရုံးသည် ပုဒ်မခွဲ (ဂ) အရ အမိန့်ချမှတ်ခြင်းမပြုရ။

( င ) တာဝန်မယူကြောင်း ငြင်းဆိုမှုကြောင့် တစ်ဦးတစ်ယောက်ခံစားရသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု၏ အတိုင်းအတာကို ပုဒ်မ ၂၀၆၊ ပုဒ်မခွဲ (င) ၏ ရည်ရွယ်ချက်အလို့ငှာ ဆန်းစစ်ရာတွင် ဤပုဒ်မအရ ချမှတ်သည့်အမိန့်တစ်ရပ်၏ အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစားရမည်။

( စ ) ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးဦးထံ ပစ္စည်းအပ်နှင်းထားသည့်အမိန့်သည် ဥပဒေနှင့်အညီ တရားဝင်ရရှိသောပစ္စည်းဖြစ်ပြီး ပေးကမ်းခြင်း၊ တာဝန်ပေးခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ဖြင့် ဆောင်ရွက်ရန် မလိုအပ်စေရ။

**ငှားရမ်းထားသည့်ပစ္စည်းကို တာဝန်မယူကြောင်း ငြင်းဆိုခြင်းနှင့်ပတ်သက်၍ တရားရုံး၏ အခွင့်အာဏာများ**

၂၀၉။ (က) အောက်ပါသတ်မှတ်ချက်များ ပြုလုပ်သည်မှတစ်ပါး၊ တရားရုံးသည် ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအနေဖြင့် ကုမ္ပဏီကိုအမှီပြု၍ ဆက်ခံတောင်းဆိုသူတစ်ဦးဦးအား

အငှားချထားသည့်ပစ္စည်းအား အပ်နှံစေရန် ပုဒ်မ ၂၀၈ အရ အမိန့်ချမှတ်ခြင်းမပြုရ။ ထိုသူသည် -

(၁) စာရင်းရှင်းလင်းဖျက်သိမ်းမှုစတင်သည့်အချိန်တွင် အငှားစာချုပ်အရ ကုမ္ပဏီက တာဝန်ရှိသည့်အတိုင်း တူညီသောတာဝန်ရှိမှုများ၊ တာဝန်ယူမှုများကို မဆန့်ကျင်စေရ သို့မဟုတ်

(၂) လိုအပ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်သည့်အချိန်တွင် အငှားစာချုပ်အား တစ်ဦးတစ်ယောက်ကို တာဝန်ပေးပါက ထိုသူက တာဝန်ရှိလာမည့် တူညီသော တာဝန်ရှိမှုများနှင့် တာဝန်ယူမှုများကို မဆန့်ကျင်စေရ။

( ခ ) အငှားစာချုပ်တွင် ပါဝင်သည့် ပစ္စည်းတစ်ခုခု၏ တစ်စိတ်တစ်ဒေသအပေါ်တွင် ပုဒ်မ ၂၀၈ အရ ချမှတ်သောအမိန့်ပါ ရည်ရွယ်ချက်များအလို့ငှာ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် အမိန့်နှင့်ပတ်သက်သည့်ပစ္စည်းကိုသာ ပါဝင်သကဲ့သို့ အကျိုးသက်ရောက်သည်။

( ဂ ) ပုဒ်မခွဲ (က) နှင့်သက်ဆိုင်ပြီး ကုမ္ပဏီကို အမှီပြု၍ ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအနေဖြင့် တောင်းဆိုနေသူတစ်ဦးသည် ထိုပုဒ်မခွဲအရ လိုအပ်သည့် သတ်မှတ်ချက်များနှင့်အညီ ချမှတ်သောပုဒ်မ ၂၀၈ အရ အမိန့်ကိုလက်ခံရန် ဆန္ဒမရှိသည့်အခါ တရားရုံးသည် ထိုပုဒ်မအရ ချမှတ်သည့်အမိန့်ဖြင့် ကုမ္ပဏီပိုင်မြေနှင့် ပစ္စည်းအပေါ် အကျိုးအမြတ်များအား အငှားစာချုပ်ရှိ ငှားရမ်းသူ၏ သဘောတူညီချက်ကို ဆောင်ရွက်ရန် တာဝန်ရှိသူတစ်ဦးဦးထံ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်အနေဖြင့်ဖြစ်စေနှင့် တစ်ဦးတည်းဖြစ်စေ၊ ကုမ္ပဏီနှင့်ပူးတွဲ၍ ဖြစ်စေ အပ်နှင်းနိုင်သည်။

( ဃ ) ကုမ္ပဏီကြောင့်ဖြစ်ပေါ်လာသည့် ပစ္စည်းများ၊ အခွင့်အရေးများ၊ တာဝန်များနှင့် အကျိုးခံစားခွင့်များအားလုံးမှ ကင်းလွတ်စေလျက် အဆိုပါပစ္စည်းနှင့် ယင်းအပေါ် အကျိုးခံစားခွင့်ကို တရားရုံးသည် ထိုသူထံသို့ အပ်နှင်းနိုင်သည်။

( င ) ပုဒ်မခွဲ (က) နှင့်သက်ဆိုင်ပြီး ကုမ္ပဏီကိုအမှီပြု၍ ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအနေဖြင့် တောင်းဆိုနေသူ မည်သူမဆို ပုဒ်မ ၂၀၈ အရ ချမှတ်သည့် အမိန့်ကို လက်ခံရန်ငြင်းဆိုသည့်အခါ ထိုသူအား ပစ္စည်းတွင်ရှိသည့် အကျိုးခံစားခွင့်အားလုံးမှ ဖယ်ထုတ်စေရမည်။

### တရားရုံးက ပဋိညာဉ်စာချုပ်များကို ပယ်ဖျက်ခြင်း

၂၁၀။ (က) ကုမ္ပဏီနှင့် ပဋိညာဉ်စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ထိုစာချုပ်အရ အကျိုးအမြတ်ခံစားခွင့်ရှိသူက ဖြစ်စေ သို့မဟုတ် ထိုစာချုပ်ကြောင့် တာဝန်တင်ရှိနေသူကဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန်ပျက်ကွက်ခြင်းအတွက် နစ်နာကြေးပေးစေရန် ဖြစ်စေ သို့မဟုတ် တရားမျှတသည်ဟု ယူဆသော နည်းလမ်းဖြင့်ဖြစ်စေ စည်းကမ်းချက်များ သတ်မှတ်လျက် ပဋိညာဉ်စာချုပ်အား ပယ်ဖျက်စေရန် အမိန့်ချမှတ်နိုင်သည်။

( ခ ) အထက်ပါ အမိန့်အရ တစ်ဦးတစ်ယောက်အား ပေးအပ်ရမည့်နစ်နာကြေးကို ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပေးချေရမည့်ကြွေးမြီတစ်ရပ်အဖြစ် ထိုသူက သက်သေထင်ရှားပြသနိုင်သည်။

## အပြီးသတ် စာရင်းရှင်းလင်းခြင်းနှင့် ဖျက်သိမ်းခြင်း

### ကုမ္ပဏီဖျက်သိမ်းခြင်းမပြုမီ နောက်ဆုံးအစည်းအဝေး

၂၁၁။ (က) ကုမ္ပဏီ၏ကိစ္စရပ်များအား အပြည့်အဝစာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မည်သို့ဆောင်ရွက်ခဲ့သည်နှင့် ကုမ္ပဏီ၏ ပစ္စည်းကို မည်သို့အပြီးသတ်စီမံခန့်ခွဲခဲ့သည်ကိုဖော်ပြသည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစာရင်းကို ပြုစုပြီးနောက် ရှင်းလင်းတင်ပြရန် ကုမ္ပဏီ၏ မြီရှင်များအစည်းအဝေး (ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက ကုမ္ပဏီတွင် ပါဝင်သူများ၏ အစည်းအဝေး) ကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးကျင်းပပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိထံ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစာရင်း၏ မိတ္တူကိုလည်းကောင်း၊ အစည်းအဝေးမှတ်တမ်းကိုလည်းကောင်း ပေးပို့ရမည်။ အစည်းအဝေးအထမြောက်ရန် လိုအပ်သော အနည်းဆုံးတက်ရောက်သူ အရေအတွက်မပြည့်မီပါက ထိုစာရင်းနှင့်အတူ လိုအပ်သောအရေအတွက် မပြည့်မီကြောင်း အတည်ပြုဖော်ပြသည့် စာကိုလည်း ပူးတွဲပေးပို့ရမည်။

**ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းခြင်းနှင့် ကုမ္ပဏီအား ပြန်လည်တည်ရှိစေခြင်း**

၂၁၂။ (က) ဤပုဒ်မသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံ ပုဒ်မ ၂၁၁ (၂) တွင် ပြဋ္ဌာန်းပါရှိသည့် အချက်အလက်များပေးပို့သည့်ကိစ္စနှင့် သက်ဆိုင်စေရမည်။

(ခ) ထိုပေးပို့သော သတင်းအချက်အလက်များကို ရရှိသည်နှင့်တစ်ပြိုင်နက် မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။ ထိုသို့မှတ်ပုံတင်ပြီးသည့် နေ့မှစတင်လျက် ၃ လ ပြည့်မြောက်သည့်နေ့တွင် ကုမ္ပဏီသည် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) သို့သော် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးသက်ဆိုင်သူဟု တရားရုံးက ထင်မြင်ယူဆသူကဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသည့်ရက်ကို ရွှေ့ဆိုင်းရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) အခြားအကျိုးသက်ဆိုင်သူမှ လျှောက်ထားလာပါက တရားရုံးသည် ကုမ္ပဏီမှတ်ပုံတင်ရုံးတွင် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည့် ကုမ္ပဏီအား ပြန်လည်အသက်သွင်းသည့်အမိန့်ကို သင့်လျော်သည့် စည်းကမ်းချက်များသတ်မှတ်လျက် ချမှတ်နိုင်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုလည်း ခန့်ထားနိုင်သည်။

(င) အဆိုပါ တရားရုံး၏ အမိန့်မိတ္တူကို အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံ ပေးပို့ရန် တာဝန်သည် ထိုအမိန့်ချမှတ်ပေးစေရန် လျှောက်ထားသူ၏ တာဝန်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ် တစ်သိန်းထက် မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ဆောလျင်စွာ ဖျက်သိမ်းခြင်း**

၂၁၃။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ ကုန်ကျခဲ့သည့်စရိတ်များအား ပေးချေရန်ကုမ္ပဏီသည် လုံလောက်သည့် ထုခွဲရောင်းချနိုင်သော ပစ္စည်းများမရှိဟု ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ သို့မဟုတ် ပုဒ်မ ၁၆၈ အရ ခန့်အပ်သော တရားဝင်ပစ္စည်းထိန်းကဖြစ်စေ ထင်မြင်ယူဆလျှင် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီအား ဆောလျင်စွာ ဖျက်သိမ်းရန်အတွက် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ထိုသို့ လျှောက်ထားခြင်းမပြုမီ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းသည် ထိုသို့လျှောက်ထားရန် ရည်ရွယ်ကြောင်းကို ကုမ္ပဏီ၏ မြီရှင်များနှင့်ကြွေးမြီပေးဆပ်ရန်တာဝန်ရှိသူများထံ ၁၄ ရက်ထက် နောက်မကျစေဘဲ ကြိုတင်အကြောင်းကြားရမည်။ ကုမ္ပဏီမှ ပစ္စည်းထိန်းခန့်ထားပါက ထိုပစ္စည်းထိန်းထံသို့ အကြောင်းကြားရမည်။

(ဂ) ထိုအကြောင်းကြားစာကို ပေးပို့ချိန်မှစ၍ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းသည် ကုမ္ပဏီနှင့်ပတ်သက်၍ ပုဒ်မခွဲ (က) အရ လျှောက်ထားရန် တာဝန်မှလွဲ၍ ကုမ္ပဏီ၊ မြီရှင်နှင့်ကြွေးမြီဆပ်ရန်တာဝန်ရှိသူများနှင့် ပတ်သက်၍ ၎င်းထမ်းဆောင်ရမည့် တာဝန်များရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းထံမှ ပုဒ်မခွဲ (က) အရ ပေးပို့သော ထိုအကြောင်းကြားစာကို လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် မှတ်ပုံတင်အရာရှိသည် ယင်းစာကို မှတ်ပုံတင်စာရင်းရေးသွင်းရမည်ဖြစ်ပြီး ထိုသို့ရေးသွင်းပြီးသည့်နေ့မှ စတင်ရေတွက်လျက် ၃ လ ကုန်ဆုံးသည့်နေ့တွင် ကုမ္ပဏီသည် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ကုမ္ပဏီ၏ မြီရှင်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူ သို့မဟုတ် ပစ္စည်းထိန်း မည်သူမဆို ပုဒ်မခွဲ (က) အရ အကြောင်းကြားစာပေးပို့ပြီးပါက တရားရုံးမှ အောက်ပါညွှန်ကြားသည့် အမိန့်များ ရရှိနိုင်ရန် လျှောက်ထားနိုင်သည် -

(၁) ပုဒ်မခွဲ (က) အရ အကြောင်းကြားစာ ပေးပို့ခဲ့ခြင်းမရှိဘိသကဲ့သို့ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနိုင်စေရန်အတွက် သတ်မှတ်ညွှန်ကြားပေးရန်နှင့်

(၂) ကုမ္ပဏီအပြီးသတ်ဖျက်သိမ်းခြင်း စတင်အသက်ဝင်မည့်နေ့ကို ရွှေ့ဆိုင်းကြောင်း ညွှန်ကြားပေးရန်။

(စ) ပုဒ်မခွဲ (ဃ) ပါ ကာလကျော်လွန်သော်လည်း အကျိုးသက်ဆိုင်သူ လျှောက်ထားလာလျှင် တရားရုံးသည် ကုမ္ပဏီအား ကုမ္ပဏီများမှတ်ပုံတင်စာရင်းတွင် ပြန်လည်အသက်သွင်းသည့် အမိန့်ကို သင့်လျော်သည့် စည်းကမ်းချက်များသတ်မှတ်လျက် ချမှတ်နိုင်သည့်အပြင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုလည်း ခန့်ထားနိုင်သည်။

(ဆ) ပုဒ်မခွဲ (ဃ) ပါ ကာလကျော်လွန်ပါက အကျိုးသက်ဆိုင်သူ လျှောက်ထားလာလျှင် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် သင့်လျော်သည့် အခြားအကြောင်းများရှိကြောင်း တွေ့ရှိရလျှင် တရားရုံးသည် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။ ၎င်းနောက် ကုမ္ပဏီသည် ယင်း၏အမည်အား ပယ်ဖျက်ခြင်း မရှိသကဲ့သို့ ဆက်လက်ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်။

(ဇ) ကုမ္ပဏီတစ်ခုနှင့်ပတ်သက်၍ ညွှန်ကြားသည့်အမိန့်ချမှတ်ခဲ့ပါက ထိုအမိန့်ချမှတ်ပေးရန် လျှောက်ထားခဲ့သူသည် အမိန့်ချမှတ်သည့်နေ့မှစ၍ အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း အမိန့်မိတ္တူကို မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်နိုင်ရန်အတွက် ပေးပို့ရမည်။

(ဈ) ပုဒ်မခွဲ (ဆ) ပါ ပြဋ္ဌာန်းချက်ကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ် တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်နိုင်သည်။

## အခန်း (၈)

## စာရင်းရှင်းလင်းဖျက်သိမ်းစဉ်နှင့် ယင်းမတိုင်မီ အလွဲသုံးစားပြုခြင်း ကုမ္ပဏီများနှင့် ကုမ္ပဏီအရာရှိများကို ပြစ်ဒဏ်ချမှတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆို အရေးယူခြင်း၊ အတုအပပြုလုပ်မှု၊ လိမ်လည်မှုအတွက် ပြစ်မှုများ

### စာရင်းရှင်းလင်းဖျက်သိမ်းရန်ရည်ရွယ်၍ လိမ်ညာမှုပြုလုပ်ခြင်း

၂၁၄။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနေပါက ကုမ္ပဏီ၏ ယခင်က သို့မဟုတ် လက်ရှိအရာရှိ မည်သူမဆို စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်းမပြုမီ ၁၂ လကာလအတွင်း အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါက ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည် -

(၁) နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပမာဏထက်ကျော်လွန်သော ကုမ္ပဏီ၏ ပိုင်ဆိုင်မှု အစိတ်အပိုင်းတစ်ခုခုကို လိမ်လည်လိုသောသဘောဖြင့် ရွှေ့ပြောင်းခဲ့လျှင် သို့မဟုတ် ကုမ္ပဏီမှ ပေးရန်နှင့် ရရန်ရှိသော ကြွေးမြီတစ်ရပ်ရပ်ကို ဝှက်သိမ်းထားခဲ့ခြင်း သို့မဟုတ်

(၂) ကုမ္ပဏီပိုင်ပစ္စည်း သို့မဟုတ် ကိစ္စရပ်များအပေါ် သက်ရောက်မှုရှိသော သို့မဟုတ် ဆက်စပ်သော စာအုပ်စာတမ်းများအား ဝှက်သိမ်းထားခြင်း၊ ဖျက်ဆီးခြင်း၊ ပိုင်းခြားခွဲဝေခြင်း သို့မဟုတ် ပုံသဏ္ဍာန်ပျက်ယွင်းစေခြင်း သို့မဟုတ် လိမ်လည်အတုပြုလုပ်ခြင်း၊ (မှတ်တမ်းများတွင် လိမ်လည်စာရင်းသွင်းခြင်းအပါအဝင်) သို့မဟုတ်

(၃) တစ်စုံတစ်ဦးမှ ထိုသို့ဆောင်ရွက်နေသည်ကို သိလျက်နှင့် ပါဝင်ဆောင်ရွက်ခြင်း။

(ခ) စွပ်စွဲခံရသူသည် အောက်ပါအတိုင်း ခုခံချေပနိုင်သည် -

(၁) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ စွပ်စွဲခံရသူသည် ၎င်းအနေဖြင့် လိမ်လည်အတုအပပြုရန် ရည်ရွယ်ချက်မရှိကြောင်း၊

(၂) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ စွပ်စွဲခံရသူတစ်ဦးသည် ၎င်းအနေဖြင့် ကုမ္ပဏီ ကိစ္စရပ်များ၏ အခြေအနေကို ထိမ်ချန်ထားရန် သို့မဟုတ် ဥပဒေကို ဆန့်ကျင်ရန် ရည်ရွယ်ချက်မရှိကြောင်း၊

(၃) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (၃) အရ စွပ်စွဲခံရသူတစ်ဦးဦးသည် ၎င်းအနေဖြင့် လိမ်လည်လှည့်ဖြားရန် ရည်ရွယ်ချက်မရှိကြောင်း သို့မဟုတ် ကုမ္ပဏီကိစ္စရပ်များ၏ အခြေအနေမှန်ကို ထိမ်ချန်ထားရန် သို့မဟုတ် ဥပဒေကိုဆန့်ကျင်ရန် ရည်ရွယ်ချက်မရှိကြောင်း။

(ဂ) ဤပုဒ်မအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတစ်ဦးကို တရားရုံးသည် ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုလုပ်သည့် လုပ်ငန်းစဉ်တွင် ကျင့်ဝတ်ဖောက်ဖျက်မှု**

၂၁၅။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ် ကုမ္ပဏီ၏ လက်ရှိ သို့မဟုတ် ယခင်အရာရှိတစ်ဦးသည် အောက်ပါတို့ကို ဆောင်ရွက်ခဲ့လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည် -

(၁) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာဖြင့် ရေးသားတောင်းဆိုချက်အရ ကုမ္ပဏီပိုင်ဆိုင်မှုအားလုံး၏ အသေးစိတ်အချက်အလက်နှင့်ပတ်သက်ပြီး ကုမ္ပဏီက လုပ်ရိုးလုပ်စဉ်လုပ်ငန်းများအရ စီမံခန့်ခွဲခဲ့ခြင်းမှလွဲ၍ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကို မည်သည့်နည်းဖြင့် မည်သူ့ထံ မည်သည့်အဖိုးစားနားနှင့် မည့်သည့်အချိန်က စီမံခန့်ခွဲခဲ့သည်ကို ပြည့်စုံမှန်ကန်စွာ မိမိတို့ သိရှိယုံကြည်သည့်အတိုင်း တင်ပြခဲ့ခြင်းမရှိလျှင် သို့မဟုတ်

(၂) ၎င်း၏ လက်ဝယ်တွင်ရှိသည့် သို့မဟုတ် ၎င်း၏ ထိန်းသိမ်းမှုအောက်တွင်ရှိပြီး ဥပဒေအရ ၎င်းက လွှဲပြောင်းပေးအပ်ရန်တာဝန်ရှိသည့် ကုမ္ပဏီပစ္စည်း၏ မည်သည့်အပိုင်းကိုမဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်း လွှဲပြောင်းပေးအပ်ခြင်းမပြုလျှင် သို့မဟုတ်

(၃) ကုမ္ပဏီက ပိုင်ဆိုင်ပြီး ၎င်း၏ လက်ဝယ်တွင်ရှိသည့် သို့မဟုတ် ၎င်း၏ ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်တွင်ရှိပြီး ဥပဒေအရ ၎င်းက လွှဲပြောင်းပေးအပ်ရန်တာဝန်ရှိသည့် စာအုပ်စာတမ်းများအားလုံးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်း လွှဲပြောင်းပေးအပ်ခြင်းမပြုလျှင် သို့မဟုတ်

(၄) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် တစ်ဦးတစ်ယောက်က မမှန်ကန်သည့် ကြွေးမြီတစ်ရပ်အား တင်ပြတောင်းခံခဲ့သည်ကို သိလျက်နှင့် သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိလျက်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တတ်နိုင်သမျှ ဆောလျင်စွာအကြောင်းကြားရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ်

(၅) ကုမ္ပဏီပိုင်ပစ္စည်းများ သို့မဟုတ် ကိစ္စရပ်များနှင့်ပတ်သက်သည့် သို့မဟုတ် ကုမ္ပဏီအပေါ် အကျိုးသက်ရောက်စေသည့် စာအုပ်စာတမ်းတစ်စုံတစ်ရာ တင်ပြမှုကို ပိတ်ပင်တားဆီးလျှင်။

(ခ) စွပ်စွဲခံရသူသည် အောက်ပါအတိုင်း ခုခံချေပနိုင်သည် -

(၁) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ် (၂) သို့မဟုတ် ပုဒ်မခွဲငယ် (၃) အရ စွပ်စွဲခံရသူသည် လိမ်လည်အတုအပပြုလုပ်ရန် ရည်ရွယ်ချက်မရှိကြောင်းနှင့်

(၂) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) အရ စွပ်စွဲခံရသူသည် ကုမ္ပဏီကိစ္စရပ်များ၏ အခြေအနေကို သိဝှက်ထားရန် သို့မဟုတ် ဥပဒေကို ဆန့်ကျင်ရန် ရည်ရွယ်ချက်မရှိကြောင်း။

(ဂ) ဤပုဒ်မအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတစ်ဦးကို တရားရုံးသည် ၃ နှစ်အထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

**မြီရှင်များအား မမှန်မကန် တင်ပြခြင်း**

၂၁၆။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်နေစဉ်အတွင်း ကုမ္ပဏီ၏ လက်ရှိ သို့မဟုတ် ယခင်ကအရာရှိသည် မမှန်မကန်တင်ပြမှုပြုလုပ်ခြင်း သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သည့် သဘောတူညီချက် တစ်ရပ်ရရန်အလို့ငှာ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် မြီရှင်များကို မမှန်မကန်တင်ပြခြင်း သို့မဟုတ် လိမ်လည်ခြင်းပြုလျှင် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်ရာရောက်သည်။

(ခ) ဤပုဒ်မအရ ပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတစ်ဦးကို တရားရုံးသည် ၇ နှစ်အထိ အလုပ်မဲ့ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ဒါရိုက်တာများနှင့် အရာရှိများကို အရေးယူခြင်း၊ တာဝန်မဲ့သော ဒါရိုက်တာများ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများ စသည်တို့အပေါ် တာဝန်တင်ရှိစေခြင်း**

၂၁၇။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ်အတွင်း ကုမ္ပဏီ၏ အရာရှိအဖြစ် ဆောင်ရွက်နေသူ သို့မဟုတ် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်စေ၊ ပြန်လည်ထူထောင်ရေးမန်နေဂျာဖြစ်စေ၊ ပြန်လည်ထူထောင်ရေးအကြံပေးဖြစ်စေ၊ ပစ္စည်းထိန်းအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်စေ၊ ဆောင်ရွက်နေသူဖြစ်စေ ကုမ္ပဏီ၏ ငွေကြေးတစ်ရပ်ရပ် သို့မဟုတ် အခြားပစ္စည်းနှင့်ပတ်သက်၍ အလွဲအသုံးပြုခဲ့လျှင် သို့မဟုတ် လက်ရှိရယူထားခဲ့လျှင် သို့မဟုတ် တာဝန်တင်ရှိလာလျှင် မလျော်မကန်ဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီနှင့်ပတ်သက်၍ ယုံမှတ်အပ်နှံခံရသည့် တာဝန်တစ်ခုခု သို့မဟုတ် အခြားတာဝန်တစ်ခုခုကို ချိုးဖောက်ကြောင်း ပေါ်ပေါက်လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းထားသည့် ကုမ္ပဏီနှင့်ပတ်သက်၍ မလျော်မကန် ဆောင်ရွက်ခြင်း သို့မဟုတ် ယုံမှတ်အပ်နှံခံရသည့် တာဝန်တစ်ခုခု သို့မဟုတ် အခြားတာဝန်တစ်ခုခုကို ချိုးဖောက်ခြင်းဆိုရာတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် ပစ္စည်းထိန်း အဖြစ် ဆောင်ရွက်ခဲ့သည့်သူတစ်ဦးဦးက ကုမ္ပဏီ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းနှင့် သက်ဆိုင်နေသည့် မလျော်မကန်ဆောင်ရွက်ခြင်း သို့မဟုတ် ယုံမှတ်အပ်နှံခံရသည့် တာဝန် တစ်ခုခု သို့မဟုတ် အခြားတာဝန်တစ်ခုခုကို ချိုးဖောက်ခြင်းတို့လည်း အကျုံးဝင်စေရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မြီရှင်တစ်ဦးဦး သို့မဟုတ် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူတစ်ဦးဦးက လျှောက်ထားလာလျှင် တရားရုံးသည် ပုဒ်မခွဲ (က) အတွင်း ကျရောက်သည့်ပုဂ္ဂိုလ်၏ လုပ်ငန်းဆောင်ရွက်ချက်ကို စစ်ဆေးနိုင်ပြီး ထိုသူကို အောက်ပါအတိုင်း အတင်းအကြပ်ပြုနိုင်သည် -

(၁) သင့်တင့်မျှတသည်ထင်သည့် အတိုးနှုန်းဖြင့် ငွေကြေး သို့မဟုတ် ပစ္စည်း သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ခုခုကို ပြန်ပေးရန်၊ မူလအတိုင်း ပြန်လည်ထားရှိရန် သို့မဟုတ် စာရင်းရှင်းလင်းတင်ပြစေရန် သို့မဟုတ်

(၂) မလျော်မကန်ဆောင်ရွက်မှု သို့မဟုတ် ယုံမှတ်အပ်နှံခံရသည့် တာဝန်တစ်ခုခု သို့မဟုတ် အခြားတာဝန်ကို ချိုးဖောက်မှုနှင့်စပ်လျဉ်း၍ လျော်ကြေးအဖြစ် သင့်တင့်မျှတသည် ထင်သည့် ပမာဏကို ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ ပေးသွင်းစေရန်။

(ဃ) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ လုပ်ငန်းတာဝန်များကို စွန့်လွှတ်ခဲ့ပြီးသူ တစ်ဦးသည် တရားရုံး၏ ခွင့်ပြုချက်မှတစ်ပါး ပုဒ်မခွဲ (ဂ) အရ လျှောက်ထားပိုင်ခွင့်မရှိစေရ။

(င) ကြွေးမြီဆပ်ရန်တာဝန်ရှိသူတစ်ဦးသည် ပုဒ်မခွဲ (ဂ) အရ လျှောက်ထားပိုင်ခွင့်ကို တရားရုံး၏ ခွင့်ပြုချက်ဖြင့်သာ ကျင့်သုံးနိုင်သည်။ ထိုလျှောက်လွှာအပေါ် ချမှတ်မည့် တရားရုံး၏ အမိန့် တစ်စုံတစ်ရာသည် ၎င်းအတွက် အကျိုးမဖြစ်ထွန်းစေနိုင်သည့်တိုင် အထက်ပါအတိုင်း လျှောက်ထားပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်။

## လိမ်လည်လှည့်ဖြားသော ကုန်သွယ်ခြင်း

၂၁၈။ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ် ကုမ္ပဏီ၏ လုပ်ငန်းတစ်ခုခုသည် ကုမ္ပဏီ၏ မြီရှင်များ သို့မဟုတ် အခြားမြီရှင်များ သို့မဟုတ် အခြားသူတစ်ဦးဦးကို လိမ်လည်လှည့်ဖြားရန် ရည်ရွယ်၍ သို့မဟုတ် လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ကြောင်းပေါ်ပေါက်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ လျှောက်ထားမှုအပေါ်တွင် တရားရုံးသည် အထက်ဖော်ပြပါဆောင်ရွက်နေသည့် လုပ်ငန်းကို သိလျက်နှင့်ပါဝင်လုပ်ဆောင်နေသူများအား ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ သင့်တော်သည်ဟု ယူဆသည့် ပမာဏအား ထည့်သွင်းပေးသွင်းစေရန် တာဝန်ရှိကြောင်း  တရားရုံးက အမိန့်ချမှတ်နိုင်သည်။

## မှားယွင်းကုန်သွယ်ခြင်း

၂၁၉။ (က) အကယ်၍-

(၁) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းမှအပ အခြားနည်းဖြင့် ဖျက်သိမ်းခြင်းဖြစ်သည့်အပြင်

(၂) ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းမှုမစတင်မီ အချိန်ကာလတစ်ခုအတွင်း ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီမှာ ကြွေးမြီမပေးဆပ်နိုင်၍ စာရင်းရှင်းလင်းဖျက်သိမ်းမှုသို့ ရောက်ရှိသွားခြင်းကို ရှောင်ရှားနိုင်ရန် အလားအလာများမရှိကြောင်း သိရှိခဲ့လျှင် သို့မဟုတ် ထိုသို့ဖြစ်တန်ရာသည်ကိုသိခဲ့လျှင် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လျှောက်ထားချက်အရ ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ သင့်တော်သည်ဟု ယူဆသည့်ပမာဏအား ထည့်သွင်းပေးသွင်းစေရန် တာဝန်ရှိကြောင်း တရားရုံးက ထိုသူအပေါ် အမိန့်ချမှတ်နိုင်သည်။

(ခ) ကြွေးမြီမပေးဆပ်နိုင်၍ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ရှောင်ရှားနိုင်ရန် ကျိုးကြောင်း ဆီလျော်သည့်အလားအလာများမရှိကြောင်း သိရှိခဲ့သည့်အချိန် သို့မဟုတ် ထိုသို့ဖြစ်တန်ရာကို သိခဲ့ရသည့်အချိန်တွင် တစ်ဦးတစ်ယောက်သည် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့် အတိုင်း ကုမ္ပဏီ၏ မြီရှင်များအတွက် ဆုံးရှုံးနိုင်ဖွယ်အလားအလာများကို အနည်းဆုံးဖြစ်စေရန် ရည်ရွယ်၍ တတ်နိုင်သမျှဆောင်ရွက်ခဲ့ကြောင်း တရားရုံးက ယုံကြည်ကျေနပ်လျှင် ထိုသူနှင့် ပတ်သက်၍ ဤပုဒ်မအရ အမိန့်ချမှတ်ခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ ကုမ္ပဏီ၏ ဒါရိုက်တာက သိရှိသင့် သို့မဟုတ် သေချာစေရန်စိစစ်သင့်သည့် အကြောင်းခြင်းရာများ၊ ၎င်းအနေဖြင့် ချမှတ်သင့်သည့် ဆုံးဖြတ်ချက်များနှင့်  ထိုသို့သိရှိရန် သို့မဟုတ် သေချာစေရန် စိစစ်ရန်အတွက် ဆောင်ရွက် ရမည့် လုပ်ငန်းစဉ်များသည် သာမန်လုံ့လဝီရိယရှိသူတစ်ဦးအနေဖြင့် သိရှိနိုင်မည့် သို့မဟုတ်

သေချာစေရန် စိစစ်ရမည့် သို့မဟုတ် ရောက်ရှိရမည့် သို့မဟုတ် အရေးယူဆောင်ရွက်မည့် အကြောင်းအရာများ ဟုတ် မဟုတ်ကို စဉ်းစားရာတွင် ၎င်းက ဆောင်ရွက်သင့်သည့် လုပ်ငန်း အဆင့်များသည် အောက်ပါလုပ်ငန်းဆိုင်ရာ အရည်အချင်းများရှိသည့် လုံ့လဝီရိယရှိသူ တစ်ဦးက သိရှိမည့် သို့မဟုတ် သေချာအောင် လေ့လာစိစစ်ရမည့် သို့မဟုတ် ရောက်ရှိရမည့် သို့မဟုတ် အရေးယူဆောင်ရွက်မည့် အကြောင်းအရာများဖြစ်သည် -

(၁) ကုမ္ပဏီဒါရိုက်တာတစ်ဦးမှ ဆောင်ရွက်သည့်လုပ်ငန်းတာဝန်များကို သာမန်ဆင်ခြင်တတ်သူ တစ်ဦးက ထမ်းဆောင်ပါလျှင် ရရှိလာနိုင်မည့် အထွေထွေဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံ၊

(၂) ထိုဒါရိုက်တာတွင်ရှိသည့် အထွေထွေဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံ။

**ကုမ္ပဏီအမည် ပြန်လည်အသုံးပြုမှုကို ကန့်သတ်ခြင်း**

၂၂၀။ (က) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမဟုတ်သော နည်းလမ်းဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းနေခြင်းဖြစ်လျှင် သို့တည်းမဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းပြီးဖြစ်လျှင် ထိုစာရင်းရှင်းလင်းဖျက်သိမ်းသည့် ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း စတင်ဆောင်ရွက်သည့် နေ့ရက်မတိုင်မီ ၁၂ လ ကာလအတွင်း မည်သည့် အချိန်တွင်မဆို ကုမ္ပဏီ၏ ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သူနှင့် ဤပုဒ်မသည် သက်ဆိုင် စေရမည်။

(ခ) ဤပုဒ်မအလို့ငှာ အမည်တစ်ခုသည် အောက်ပါအချက်များအတွင်း အကျုံးဝင်လျှင် ထိုပုဂ္ဂိုလ်နှင့်ပတ်သက်၍ တားမြစ်ထားသည့်အမည် ဖြစ်စေရမည် -

(၁) ၁၂ လ ကာလအတွင်း မည်သည့်အချိန်၌မဆို စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကုမ္ပဏီအဖြစ် အများသိရှိပြီးဖြစ်သည့်အမည်၊

(၂) ထိုကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်သည့် အဖွဲ့အစည်း သို့မဟုတ် ထိုကုမ္ပဏီမှ ဆောင်ရွက်သည့် မည်သည့်လုပ်ငန်းကိုမဆို အသုံးပြုပြီး အပိုဒ် (၁) အတွင်း ကျရောက်သည့်အမည်နှင့် ဆင်တူယိုးမှားဖြစ်သည့်အမည်။

(ဂ) တရားရုံး၏ ခွင့်ပြုချက်အရမှတစ်ပါး ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင် ဆောင်ရွက်သည့် နေ့ရက်မှစ၍ ၅ နှစ်တာကာလအတွင်း မည်သည့်အချိန်တွင်မဆို ဤပုဒ်မနှင့် သက်ဆိုင်သူသည် -

(၁) တားမြစ်ထားသည့်အမည်ဖြင့် အများသိရှိသော အခြားကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ မဖြစ်စေရ သို့မဟုတ်

(၂) မည်သည့်နည်းနှင့်မဆို တားမြစ်ထားသည့်အမည်ဖြင့် အများသိရှိသော ကုမ္ပဏီ၏ လုပ်ငန်း တိုးချဲ့ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ခြင်းမရှိစေရ သို့မဟုတ်

(၃) မည်သည့်နည်းနှင့်မဆို တားမြစ်ထားသည့်အမည်ဖြင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ခြင်း မရှိစေရ။

(ဃ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်၍ ဆောင်ရွက်ပါက ထိုသူအား ၂ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

## အကျင့်ပျက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း

**တာဝန်မဲ့သော အရာရှိများနှင့် ကုမ္ပဏီတွင်ပါဝင်သူများကို တရားစွဲဆိုခြင်း**

၂၂၁။ (က) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့် လုပ်ငန်းစဉ်အတွင်း ကုမ္ပဏီ၏ ယခင် သို့မဟုတ် လက်ရှိအရာရှိတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့်ပတ်သက်၍ ရာဇဝတ်ကြောင်းအရ တာဝန်ရှိစေမည့် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့ပြီးဖြစ်ကြောင်း ပေါ်ပေါက်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိထံ လွှဲအပ်တင်ပို့နိုင်သည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိမှ တောင်းခံသော သတင်းအချက်အလက်များနှင့် လိုအပ်သည့်စာရွက်စာတမ်းများ ရရှိနိုင်မည့်နည်းလမ်းများကို ကူညီပံ့ပိုးပေးရန်နှင့် ထိုစာရွက်စာတမ်းများကို စစ်ဆေးခြင်းနှင့် မိတ္တူကူးယူလိုပါက လိုအပ်သလို ကူညီဆောင်ရွက်ပေးရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မအရ အရေးယူဆောင်ရွက်ရာတွင် ၎င်းကိုယ်တိုင်ဆောင်ရွက်နိုင်သည် သို့မဟုတ် လက်အောက်ရှိအရာရှိတစ်ဦးဦးကို တာဝန်ပေးအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ဤပုဒ်မခွဲ (က) အရ အစီရင်ခံတင်ပြသည့်အခါ သို့မဟုတ် လွှဲအပ်တင်ပို့လာသည့်အခါ မှတ်ပုံတင်အရာရှိသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်ကို တောင်းခံနိုင်သည်။

**ပုဒ်မ ၂၂၁ အရ ပေါ်ပေါက်သည့်တာဝန်များ**

၂၂၂။ (က) ပုဒ်မ ၂၂၁ အရ အရေးယူဆောင်ရွက်ရာတွင် ယင်းအမှု၌ တရားခံအဖြစ် မပါဝင်သော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ ကုမ္ပဏီ၏ ယခင်နှင့် လက်ရှိအရာရှိတိုင်းနှင့် ကုမ္ပဏီ၏ ကိုယ်စားလှယ်တို့သည် တရားစွဲဆိုမှုနှင့်စပ်လျဉ်းသော ကျိုးကြောင်းဆီလျော်စွာ ပေးအပ်နိုင်စွမ်းရှိသည့် ကူညီပံ့ပိုးမှုအားလုံးကို မှတ်ပုံတင်အရာရှိထံသို့ ပေးအပ်ရန် တာဝန်ရှိစေရမည်။

(ခ) ပုဒ်မခွဲ (က) အလို့ငှာ **ကိုယ်စားလှယ်** ဆိုသည့်စကားရပ်တွင် ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းရှင် သို့မဟုတ် ဥပဒေအကြံပေးရှေ့နေတစ်ဦးဦးနှင့် ကုမ္ပဏီ၏ အရာရှိ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စာရင်းစစ်အဖြစ် ကုမ္ပဏီက ခန့်အပ်ထားသည့်သူ တစ်ဦးဦးပါဝင်သည်။

## အခန်း (၉)

## ကြွေးမြီပေးဆပ်ရသူများ

**လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူများ၏ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိမှု**

၂၂၃။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူအားလုံးသည် ကုမ္ပဏီ၏ ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအား ပေးချေရာတွင် ငွေကြေးလုံလောက်မှုရှိစေရန်နှင့် ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် အောက်ပါ သတ်မှတ်ချက်များကို လိုက်နာစေလျက် ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ ထည့်ဝင်ပေးဆပ်ရန် တာဝန်ရှိစေရမည် -

(၁) ယခင်က ကုမ္ပဏီတွင် ပါဝင်သူသည် -

(ကက) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမစတင်မီ တစ်နှစ်ထက်ကျော်လွန်သော ကာလအတွင်း ကုမ္ပဏီတွင်ပါဝင်သူအဖြစ်မှ ရပ်စဲခဲ့လျှင် ကြွေးမြီပေးဆပ်ရန်အတွက် တာဝန်မရှိစေရ၊

(ခ ခ) ကုမ္ပဏီတွင်ပါဝင်သူအဖြစ်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ဖြစ်ပေါ်လာသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရန် တာဝန်မရှိစေရ။

(ဂ ဂ) ဤဥပဒေအရ ကုမ္ပဏီတွင် လက်ရှိပါဝင်သူများက ၎င်းတို့ပေးဆပ်ရန်ဖြစ်သော ကြွေးမြီကို ပေးဆပ်နိုင်ဖွယ်မရှိကြောင်း တရားရုံးက တွေ့ရှိခဲ့လျှင် ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူတစ်ဦးသည် ကြွေးမြီပေးဆပ်ရာတွင် တာဝန်ရှိစေရမည်။

(၂) အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီတွင် လက်ရှိပါဝင်နေသူ သို့မဟုတ် ယခင်က ပါဝင်ခဲ့သူတစ်ဦးအဖြစ် တာဝန်ရှိသည့် အစုရှယ်ယာများအတွက် ပေးချေရခြင်းမရှိသေးသော ငွေပမာဏထက်ပိုမိုသော ငွေပမာဏကို ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်းမရှိစေရ။

(၃) အာမခံဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် ယင်းကုမ္ပဏီကို စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အခါ ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးက ထည့်ဝင်ရန် တာဝန်ယူထားသည့် ပမာဏထက်ပို၍ ၎င်းထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်း မရှိစေရ။

(၄) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသို့ ပေးချေရမည့် အမြတ်ဝေစု၊ အကျိုးအမြတ် သို့မဟုတ် အခြားသောငွေကြေး စသည်ကဲ့သို့သော ငွေပမာဏတစ်ခုနှင့်စပ်လျဉ်း၍ ၎င်းနှင့် ကုမ္ပဏီ ပါဝင်သူမဟုတ်သည့် အခြားမြီရှင်တစ်ဦးဦးအကြား ဖြစ်ပေါ်လာသည့်ကိစ္စတွင် ထိုငွေပမာဏကို ထိုကုမ္ပဏီတွင်ပါဝင်သူသို့ ကုမ္ပဏီကပေးချေရမည့် ကြွေးမြီအဖြစ် မှတ်ယူခြင်းမရှိစေရ၊ သို့ရာတွင် ထိုငွေပမာဏကို ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို နောက်ဆုံးညှိနှိုင်းဆောင်ရွက်ရန်အလို့ငှာ ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) အစုရှယ်ယာ မတည်ငွေရင်းပါရှိသည့် ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင် ထိုကုမ္ပဏီတွင် ပါဝင်သူအားလုံးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသဖြင့် ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ ၎င်းကထည့်ဝင်ရန် တာဝန်ယူထားသောပမာဏအတွက် တာဝန်ရှိသည့်အပြင် ၎င်းပိုင်ဆိုင်ထားသည့် အစုရှယ်ယာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပေးချေရခြင်းမရှိသေးသော ငွေပမာဏတစ်ရပ်ရပ်အတွက်လည်း ထည့်ဝင်ရန်တာဝန်ရှိသည်။

**တရားရုံး၏ အာဏာများ**

၂၂၄။ တရားရုံးသည် အောက်ပါကိစ္စတစ်ရပ်ရပ်တွင် တည်ဆဲဥပဒေများနှင့်အညီ သင့်လျော်သောအမိန့်များကို ချမှတ်နိုင်သည် -

(က) ကြွေးမြီပေးဆပ်ရသူတို့အပေါ် ကုမ္ပဏီ၏ အခွင့်အရေးများကို အတည်ပြုဆောင်ရွက်ခြင်း၊

(ခ) ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့အခွင့်အရေးများကို ညှိနှိုင်းသတ်မှတ်ခြင်း။

**ကုမ္ပဏီ၏ စာအုပ်စာတမ်းများကို သက်သေခံအထောက်အထားအဖြစ် အသုံးပြုခြင်း**

၂၂၅။ ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ကုမ္ပဏီပိုင် စာအုပ်စာတမ်းများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ လက်ဝယ်ရှိ စာအုပ်စာတမ်းများသည် ကြွေးမြီပေးဆပ်ရသူများအကြားတွင်လည်းကောင်း၊ ကုမ္ပဏီနှင့် ကြွေးမြီပေးဆပ်ရသူများအကြားတွင်လည်းကောင်း ယင်းကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကိစ္စရပ်အားလုံးနှင့်ပတ်သက်၍ မှန်ကန်ပြီး ဦးစွာအမြင်အားဖြင့် ခိုင်မာသည့် သက်သေခံအထောက်အထားများဖြစ်သည်ဟု မှတ်ယူနိုင်သည်။

## အခန်း (၁၀)
## မှတ်ပုံမတင်သည့် ကုမ္ပဏီများအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

### မှတ်ပုံမတင်သည့် ကုမ္ပဏီ၏အဓိပ္ပာယ်

၂၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ **မှတ်ပုံမတင်သည့်ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများမဟုတ်သည့် အခြားသော အဖွဲ့အစည်း၊ ကော်ပိုရေးရှင်း၊ ပြည်ပကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် အခြား တည်ဆဲဥပဒေအရ တည်ထောင်ထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။

### မှတ်ပုံမတင်သည့်ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၂၇။ (က) ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုကို စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံးသည် မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီအား ဖျက်သိမ်းခြင်းတွင် အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များနှင့် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် လိုအပ်သလို အကျုံးဝင် သက်ဆိုင်စေနိုင်သည်။ မှတ်ပုံတင်ထားခြင်းမရှိသော နိုင်ငံခြားကုမ္ပဏီများ ဖြစ်သည့်ကိစ္စတွင် သက်ဆိုင်သည့် ပုဂ္ဂလိကအပြည်ပြည်ဆိုင်ရာဥပဒေ၊ ဥပဒေမူဘောင်များနှင့် လိုအပ်သလို သက်ဆိုင်စေနိုင်သည်။

(ခ) တရားရုံး၏ စီရင်ပိုင်ခွင့်ကို ဆုံးဖြတ်ရန်အလို့ငှာ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာနေရာအား ကုမ္ပဏီမှတ်ပုံတင်ထားရှိသည့် ရုံးနေရာဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) မှတ်ပုံတင်ထားခြင်းမရှိသည့် မည်သည့်ကုမ္ပဏီမဆို ဤဥပဒေအရ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း မရှိစေရ။

(ဃ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို အောက်ပါအခြေအနေများတွင် စာရင်းရှင်းလင်း ဖျက်သိမ်းနိုင်သည် -

(၁) ကုမ္ပဏီကို အပြီးသတ်ဖျက်သိမ်းလျှင် သို့မဟုတ် လုပ်ငန်းဆောင်ရွက်နိုင်မှုရပ်စဲလျှင် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရန် ရည်ရွယ်၍ လုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်လျှင်၊

(၂) ကုမ္ပဏီသည် ကြွေးမြီပေးဆပ်နိုင်ခြင်း မရှိလျှင် သို့မဟုတ်

(၃) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသည် တရားမျှတမှုရှိသည်ဟု တရားရုံးက ထင်မြင်ယူဆလျှင်။

### ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြင်ပတွင် ဖွဲ့စည်းထားသည့် ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၂၈။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြင်ပတွင် ဖွဲ့စည်းထားသည့်ကုမ္ပဏီသည် ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာမှ လုပ်ငန်းများရပ်စဲသွားသည့်အခါ ယင်းကုမ္ပဏီ ဖွဲ့စည်းတည်ရှိသည့် နိုင်ငံ၏ ဥပဒေများအရ ထိုကုမ္ပဏီအား ဖျက်သိမ်းခဲ့ပြီးဖြစ်လျှင်ဖြစ်စေ၊ ကုမ္ပဏီဖြစ်တည်မှု ရပ်စဲသွားခဲ့လျှင်ဖြစ်စေ ထိုကုမ္ပဏီအား မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီအဖြစ် ဤဥပဒေအရ စာရင်း ရှင်းလင်းဖျက်သိမ်းနိုင်သည်။

### စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်အရ ဆိုင်းငံ့ထားရမည့် အရေးယူဆောင်ရွက်ချက်များ

၂၂၉။ မှတ်ပုံမတင်သည့် ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်တစ်ရပ် ချမှတ်ခဲ့ပြီး ဖြစ်လျှင် တရားရုံး၏ ခွင့်ပြုချက်နှင့် တရားရုံးက ချမှတ်သည့် စည်းကမ်းသတ်မှတ်ချက်များအရမှတစ်ပါး ထိုကုမ္ပဏီ၏ ကြွေးမြီတစ်ရပ်ရပ်နှင့်ပတ်သက်၍ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် အရေးယူ ဆောင်ရွက်ချက်တစ်ရပ်ရပ်ကို စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁၀၇/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

### မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီးကော်မတီဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ **စစ်ကိုင်းတိုင်းဒေသကြီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေးဝန်ကြီး/တာဝန်ပေးအပ်မည့်ဝန်ကြီး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| (ဂ) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးလမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | စစ်ကိုင်းတိုင်းဦးစီးမှူး<br>တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ<br>တိုင်းဒေသကြီးဦးစီးမှူးရုံး | အဖွဲ့ဝင် |

(ဏ) စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန

(တ) စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(ထ) စစ်ကိုင်းတိုင်းဒေသကြီးစစ်မှုထမ်းဟောင်း ကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်

(ဒ) မသန်စွမ်းကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(ဓ) ဦးစီးမှူး အတွင်းရေးမှူး
စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး

(န) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်တို့၏ တိုးတက်ပြောင်းလဲမှု၊ အောင်မြင်မှုနှင့် ထိရောက်မှုအတိုင်းအတာတို့ကို သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အဆင့်အတန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းအစီအစဉ်တို့ကို ဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မသန်စွမ်းသူများ ၎င်းတို့နေထိုင်ရာ ရပ်ရွာအတွင်း အဆင်ပြေလွယ်ကူစွာ သွားလာနေထိုင်နိုင်ခွင့်နှင့် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ခွင့်တို့ကို သေချာစွာရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(စ) မသန်စွမ်းသူများအား မသန်စွမ်းမှုအပေါ် အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း၊ အလွဲသုံးခြင်း၊ မတရားဖိနှိပ်ချုပ်ချယ်ခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ကူညီကာကွယ်စောင့်ရှောက်ခြင်း၊

(ဆ) တိုင်းဒေသကြီးရှိ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ လုပ်ငန်းအစီအစဉ်တိုင်းတွင် မသန်စွမ်းမှုအကျုံးဝင် ပါဝင်လာစေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေပါ ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် တိုင်းဒေသကြီးအတွင်း လိုအပ်သည့် ဆပ်ကော်မတီများ ထပ်မံဖွဲ့စည်းခြင်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ကော်မတီများ ထပ်မံဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ တိုင်းဒေသကြီးကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့ လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးသားကော်မတီသို့ တစ်နှစ်လျှင် အနည်းဆုံး (၂) ကြိမ် အစီရင်ခံတင်ပြခြင်း။

(ပုံ) ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၄/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ တနင်္သာရီတိုင်းဒေသကြီးကော်မတီဖွဲ့စည်းခြင်း**

၁။　မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ **တနင်္သာရီတိုင်းဒေသကြီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေးဝန်ကြီး/တာဝန်ပေးအပ်မည့်ဝန်ကြီး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| (ဂ) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးလမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | တနင်္သာရီတိုင်းဦးစီးမှူး<br>တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ<br>တိုင်းဒေသကြီးဦးစီးမှူးရုံး | အဖွဲ့ဝင် |

(ဏ) တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန

(တ) တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(ထ) တနင်္သာရီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်

(ဒ) မသန်စွမ်းကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(ဓ) ဦးစီးမှူး အတွင်းရေးမှူး
တနင်္သာရီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး

(န) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ တနင်္သာရီတိုင်းဒေသကြီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်တို့၏ တိုးတက်ပြောင်းလဲမှု၊ အောင်မြင်မှုနှင့် ထိရောက်မှုအတိုင်းအတာတို့ကို သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အဆင့်အတန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းအစီအစဉ်တို့ကို ဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မသန်စွမ်းသူများ ၎င်းတို့နေထိုင်ရာ ရပ်ရွာအတွင်း အဆင်ပြေလွယ်ကူစွာ သွားလာနေထိုင်နိုင်ခွင့်နှင့် လွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်ခွင့်တို့ကို သေချာစွာရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(စ) မသန်စွမ်းသူများအား မသန်စွမ်းမှုအပေါ် အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း၊ အလွဲသုံးခြင်း၊ မတရားဖိနှိပ်ချုပ်ချယ်ခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ကူညီကာကွယ်စောင့်ရှောက်ခြင်း၊

(ဆ) တိုင်းဒေသကြီးရှိ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ လုပ်ငန်းအစီအစဉ်တိုင်းတွင် မသန်စွမ်းမှုအကျုံးဝင် ပါဝင်လာစေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေပါ ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် တိုင်းဒေသကြီးအတွင်းလိုအပ်သည့် ဆပ်ကော်မတီများ ထပ်မံဖွဲ့စည်းခြင်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ကော်မတီများ ထပ်မံဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ တိုင်းဒေသကြီးကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့ လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးသားကော်မတီသို့ တစ်နှစ်လျှင် အနည်းဆုံး (၂) ကြိမ် အစီရင်ခံတင်ပြခြင်း။

(ပုံ) ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁၀၅/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

### မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ နေပြည်တော်ကော်မတီ ဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ **နေပြည်တော်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါက်တာမျိုးအောင်<br>ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်မြင့်ထွန်း<br>ကောင်စီဝင်၊ နေပြည်တော်ကောင်စီ | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ဦးမျိုးအောင်<br>အမြဲတမ်းအတွင်းဝန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာမြတ်ဝဏ္ဏစိုး<br>ဦးစီးမှူး၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးထင်ကျော်<br>ဦးစီးမှူး၊ နေပြည်တော်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးသန်းဝင်း<br>ဦးစီးမှူး၊ နေပြည်တော်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါ်သင်းသင်းဇင်<br>ဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဝင်းဦး<br>ဦးစီးမှူး၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဌေးဝင်း<br>ဦးစီးမှူး၊ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးကျော်ကျော်ထွန်း<br>ဦးစီးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးထိန်ဝင်း<br>ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါ်ခင်ခင်ကြူ<br>ဦးစီးမှူး၊ နေပြည်တော်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒေါ်ပပလင်း<br>ဦးစီးမှူး၊ နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒေါ်ခင်ခင်ဦး<br>ဦးစီးမှူး၊ နေပြည်တော်ဗဟိုစာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |

(ဏ) ဒေါ်ခင်သီတာထွန်း အဖွဲ့ဝင်
မသန်စွမ်းကိုယ်စားလှယ်၊ ဇေယျာသီရိမြို့နယ်

(တ) ဗိုလ်မှူးချုပ် ကိုကိုဝင်း (ငြိမ်း) အဖွဲ့ဝင်
စစ်မှုထမ်းဟောင်း ကြီးကြပ်မှုကော်မတီ၊ နေပြည်တော်

(ထ) ဦးထွန်းထွန်းနိုင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ နေပြည်တော်လူမှုဝန်ထမ်းရုံး

( ဒ ) ဦးထွန်းထွန်းဝင်း တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ နေပြည်တော်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်တို့၏ တိုးတက်ပြောင်းလဲမှု၊ အောင်မြင်မှုနှင့် ထိရောက်မှုအတိုင်းအတာတို့ကို သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဂ ) မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အဆင့်အတန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းအစီအစဉ်တို့ကို ဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

( င ) မသန်စွမ်းသူများ ၎င်းတို့နေထိုင်ရာ ရပ်ရွာအတွင်း အဆင်ပြေလွယ်ကူစွာ သွားလာနေထိုင်နိုင်ခွင့်နှင့် လွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်ခွင့်တို့ကို သေချာစွာရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

( စ ) မသန်စွမ်းသူများအား မသန်စွမ်းမှုအပေါ် အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း၊ အလွဲသုံးခြင်း၊ မတရားဖိနှိပ်ချုပ်ချယ်ခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ကူညီကာကွယ်စောင့်ရှောက်ခြင်း၊

(ဆ) ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ လုပ်ငန်းအစီအစဉ်တိုင်းတွင် မသန်စွမ်းမှု အကျုံးဝင်ပါဝင်လာစေရန် စီစဉ်ဆောင်ရွက်ခြင်း၊

( ဇ ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေပါ ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် ဒေသအတွင်းလိုအပ်သည့် ဆပ်ကော်မတီများ ထပ်မံဖွဲ့စည်းခြင်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ကော်မတီများ ထပ်မံဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ နေပြည်တော်ကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့ လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးသားကော်မတီသို့ တစ်နှစ်လျှင် အနည်းဆုံး (၂) ကြိမ် အစီရင်ခံတင်ပြခြင်း။

(ပုံ) ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၁၀၉၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ချောက်မြို့၊ အမှတ် (၇) ရပ်ကွက်၊ အကွက်အမှတ်/အမည် - ၁၅/ညောင်ဖြူပင်ဖော့စတိုး၊ ဦးပိုင်အမှတ်-၃/၂၊ **မြေဧရိယာ ၀. ၇၈၂ ဧက** အား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ **အမှတ် (၂) ရေနံချက်စက်ရုံ (ချောက်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၁၀၉၅/၂၀၁၈)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ချောက်မြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ်/အမည် - ၁၃/ချောက်ရွာမရပ်၊ ဦးပိုင်အမှတ်-၉၈ (က)၊ **မြေဧရိယာ ၉. ၈၇၇ ဧက** အား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ **အမှတ် (၂) ရေနံချက်စက်ရုံ (ချောက်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၁၀၉၆/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ နတ်ကြီးချောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- ၈၉၇/နှမ်းတစိတ်ကွင်း၊ ဦးပိုင်အမှတ် (၅၆) ရှိ **ဓမ္မသစ္စာအေးကျောင်းတိုက် (ဓမ္မသစ္စာအေးစေတီဘုရားသာသနာမြေ)** အခွန်လွတ်သာသနာ **မြေဧရိယာ ၂. ၆၉ ဧက** အနက်မှ **၀. ၀၉ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၄ နှင့်အညီ **သိမ်ဒါယိကာမ ဒေါ်လှရင် [၁၀/ပမန (နိုင်) ၀၁၈၁၁၈]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၁၁၁၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ကွင်းအမှတ်/အမည်-၄၀၇/-၊ ဦးပိုင်အမှတ် (၁၀<sup>ဂ</sup>၊ ၁၁၊ ၁၂<sup>ခ</sup>၊ ၁၃<sup>က</sup>၊ ၁၃<sup>ခ</sup>၊ ၁၉၊ ၂၀) ရှိ **မူလရှိမြေဧရိယာ ၁၆. ၉၈ ဧက** အနက် **မြေဧရိယာ ၁၀. ၂၇၈၇ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၆ ရက်တွင်

နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ စာအမှတ်၊ ၁၄၃၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့် ပြုခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၀. ၂၇၈၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၁၅/၂၀၁၈)

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ မူလပိုင်ရှင် ပေးရန် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ အလုံရပ်ကွက်၊ ကွင်းအမှတ်/အမည်-၃၂၇/ အလုံတောင်၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ ၃. ၂၀ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ စာအမှတ်၊ ၁၄၃၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ မူလပိုင်ရှင် ပေးရန် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃. ၂၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၁၆/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ကွင်းလျားကျေးရွာအုပ်စု၊ သရက်ချောင်းကျေးရွာအုပ်စု၊ မကျီးလဟာ ကျေးရွာအုပ်စု၊ သောင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၀၂ᵃ/မိုးကြိုးပစ်ကွင်း၊ ၁၁၀၁ᵃ/ ကွင်းဝင်တောင်၊ ၈၄၀/ကျွဲချဆိပ်၊ ၈၄၁ A/ပဋ္ဌပင်လှ၊ ၈၄၁ B/ပဋ္ဌပင်လှ၊ ၁၁၁၃က/ကြိမ်တော)၊ ဦးပိုင်အမှတ် (၄၅) ခုရှိ **မူလရှိမြေဧရိယာ ၁၄၅၀ ဧက** အနက် **မြေဧရိယာ ၃၉၉. ၈၈ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်တွင် အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ စာအမှတ်၊ ၁၄၃၈/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃၉၉. ၈၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၁၇/၂၀၁၈)

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ မကွေးတိုင်း ဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇/ဈေးသစ်ရပ်)၊ ဦးပိုင်အမှတ် (၆၂) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၀၅၄ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်တွင် မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟို

ကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ စာအမှတ်၊ ၁၄၃၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၅၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၁၈/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၆ ရက်တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရွာဟောင်းရပ်ကွက်၊ ကွင်းအမှတ်/အမည်- ၆၂၇/ပြင်ခေါင်၊ ဦးပိုင်အမှတ် (၂၂/၁၈၅၊ ၂၂) ရှိ **စုစုပေါင်းမြေဧရိယာ ၂. ၇၅ ဧက** ကို အများပြည်သူ အပန်းဖြေအနားယူရန် ပန်းခြံတစ်ခုပြုလုပ်နိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ စာအမှတ်၊ ၁၄၃၅/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၇၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၁၉/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ အမှတ် (၅) ရပ်ကွက်နှင့်အမှတ် (၁) ရပ်ကွက်၊ ကွင်းအမှတ်/ အမည် (၂၇/ဇွဲကပင်လမ်းအနောက်၊ ၂၈/မာန်အောင်အကွက်၊ ၂၉/စိုက်ပျိုးရေးဥယျာဉ်အရှေ့အကွက်)၊ ဦးပိုင်အမှတ် (၄/၃၊ ၁၁၄/၁၊ ၁၁၄/၂ ၂/၆) ရှိ **စုစုပေါင်းမြေဧရိယာ ၄၀. ၇၁၄ ဧက** အနက် **မြေဧရိယာ ၃၄. ၈၁၂ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ စာအမှတ်၊ ၁၄၃၇/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃၄. ၈၁၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၂၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

### နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များမှ ရဲကင်းစခန်း ၁၀ ခုတို့အား နယ်မြေရဲစခန်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက် (ဗုဒ္ဓဟူး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များတွင် ဖွဲ့စည်းခွင့်ရရှိပြီး

ဖွင့်ရန်ကျန်ရှိနေသည့် ရဲစခန်း ၁၂၅ ခုအနက်မှ အောက်ဖော်ပြပါ ရဲကင်းစခန်း ၁၀ ခုအား နယ်မြေရဲစခန်းများ အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုလိုက်သည် -

(က) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ ကတုံးပေါ်ရဲကင်းစခန်း

( ခ ) ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ကတိုင်စိန်ရဲကင်းစခန်း

( ဂ ) ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တက်သစ်ရဲကင်းစခန်း

(ဃ) စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ ထန်းကုန်းရဲကင်းစခန်း

( င ) မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ပဒါန်းရဲကင်းစခန်း

( စ ) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ပိတ်ချင်းမြှောင်ရဲကင်းစခန်း

(ဆ) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာရဲကင်းစခန်း

( ဇ ) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဥ့်ကူးမြို့နယ်၊ လက်ပန်လှရဲကင်းစခန်း

(ဈ) မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရွာတန်းရဲကင်းစခန်း

(ည) ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်၊ ကပိုင်ချောင်းရဲကင်းစခန်း
(ယခင် ကျောက်ဖြူမြို့နယ်၊ မြို့ချောင်းရဲကင်းစခန်း)

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၂၉/၂၀၁၈)**

**နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များမှ**
**ဖွင့်ရန်ကျန် ရဲစခန်းများအား ခုနှိမ်ဖွင့်လှစ်ခွင့်ပြုခြင်း**

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက် (ဗုဒ္ဓဟူး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) မှ သဘောတူခွင့်ပြုချက် အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များတွင် ဖွင့်ရန်ကျန်ရှိနေသည့် ရဲစခန်း ၁၂၅ ခုအနက်မှ နယ်မြေရဲစခန်း ၂ ခု၊ ရဲကင်းစခန်း ၇ ခု၊ စုစုပေါင်းရဲစခန်း ၉ ခုတို့အား အောက်ဖော်ပြပါအတိုင်း ခုနှိမ်ပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပြုလိုက်သည် -

(၁) **နယ်မြေရဲစခန်း ၂ ခု**

| | | |
|---|---|---|
| (က) ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းပေါက် နယ်မြေရဲစခန်း | **မှ** | ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ကြိမ်ချောင်းကြီး နယ်မြေရဲစခန်း |
| ( ခ ) စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်၊ သနန်နယ်မြေရဲစခန်း | **မှ** | ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန်မြို့နယ်၊ နှာဟရိန် နယ်မြေရဲစခန်း |

(၂) **ရဲကင်းစခန်း ၇ ခု**

| | | |
|---|---|---|
| (က) ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ တာအုပ် ရဲကင်းစခန်း | **မှ** | ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ စုကလိမြို့၊ ဆုံဆည်းမြိုင်ရဲကင်းစခန်း |

| | | | |
|---|---|---|---|
| (ခ) | ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊နန့်လင်းပါရဲကင်းစခန်း | **မှ** | မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်၊ ရေမျက်နီရဲကင်းစခန်း |
| (ဂ) | ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ဖော်ဝမ်းဒရူးရဲကင်းစခန်း | **မှ** | ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ နောက်မီးရဲကင်းစခန်း |
| (ဃ) | ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်၊ ရှန်ဒေါင် ရဲကင်းစခန်း | **မှ** | ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ကျုံတိုင်ရဲကင်းစခန်း |
| (င) | ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ကခရမ်းယန်ရဲကင်းစခန်း | **မှ** | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ တူးကုန်းရဲကင်းစခန်း |
| (စ) | ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပလက်ဝမြို့နယ်၊ ဒလက်မေရဲကင်းစခန်း | **မှ** | ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန်မြို့နယ်၊ သီကီးရ်ရဲကင်းစခန်း |
| (ဆ) | ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့နယ်၊ မောင်နှမရဲကင်းစခန်း | **မှ** | ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ်၊ သံရှင်ရဲကင်းစခန်း |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၃၀/၂၀၁၈)

### ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကွမ်းလုံခရိုင်ရှိ အမှတ် (၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုအား ခုနှိမ်၍ ယင်းမာပင်ခရိုင်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခွင့်နှင့် ကန့်ဘလူခရိုင်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုတစ်စု အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက် (ဗုဒ္ဓဟူး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) မှ သဘောတူခွင့်ပြုချက်အရ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကွမ်းလုံခရိုင်ရှိ အမှတ် (၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုအား ခုနှိမ်၍ ယင်းမာပင်ခရိုင်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခွင့်နှင့် ကန့်ဘလူခရိုင်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုတစ်စုအား အရာထမ်း ၁ နေရာ၊ အမှုထမ်း ၃၅ နေရာ စုစုပေါင်းဝန်ထမ်း ၃၆ နေရာဖြင့် ထပ်မံတိုးချဲ့ ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၃၁/၂၀၁၈)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) စ/၀၅၃၆ ညွှန်ကြားရေးမှူး ဦးကွန်းဇော်
　　ကယားပြည်နယ်ရုံး

(ခ) စ/၀၆၅၃ ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဝင်း
　　တနင်္သာရီတိုင်းဒေသကြီးရုံး

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၃၃/၂၀၁၈)**

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (စီမံ) (၃) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ရ/၀၆၁ ဦးစီးအရာရှိ (စီမံ) ဒေါ်အေးအေးစန်း
မှူခင်းဌာနစု (မြန်မာနိုင်ငံအထက်ပိုင်း)

(ခ) ရ/၁၂၂ ဦးစီးအရာရှိ (စီမံ) ဒေါ်နီနီခင်
မှူခင်းဌာနစု (မြန်မာနိုင်ငံအထက်ပိုင်း)

(ဂ) ရ/၁၃၉ ဦးစီးအရာရှိ (စီမံ) ဒေါ်စမ်းစမ်းအေး
မှူခင်းဌာနစု (မြန်မာနိုင်ငံအောက်ပိုင်း)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး (လယ်/ဆည်ကဏ္ဍ) မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ စာရင်းကိုင်-၂/ဒုတိယဦးစီးမှူး (၂) ဦးအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၈) ၏ သဘောတူညီချက်အရ ဝန်ကြီးရုံး (လယ်/ဆည်ကဏ္ဍ) တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ ရာထူးနေရာများသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်ဝင်းမာဦး | စာရင်းကိုင်-၂ | ဦးစီးအရာရှိ |
| (ခ) | ဒေါ်လှလှမင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၃/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၈) ၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် မြန်မာအမျိုးသားလေကြောင်း၊ အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ရုံးအုပ် (၃) ဦးအား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း** |
|---|---|---|
| (က) | ဒေါ်ခင်ဝင်း<br>(လရ-၃၂၉၆) | လက်ထောက်မန်နေဂျာ (အုပ်ချုပ်ရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဒေါ်ငြိမ်းငြိမ်းအိ<br>(လရ-၃၂၃၉) | လက်ထောက်မန်နေဂျာ (အုပ်ချုပ်ရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဂ) | ဒေါ်ချိုချိုဝင်း<br>(လရ-၂၈၁၅) | လက်ထောက်မန်နေဂျာ (အုပ်ချုပ်ရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၁၈**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၄ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

၁။ ကျောက်စိမ်း/ကျောက်မျက်ကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးစေရန်အတွက် ကောင်းမွန်သည့်စီမံအုပ်ချုပ်မှုစနစ်ပေါ်ပေါက်လာစေရေး၊ တာဝန်သိသော ကျောက်စိမ်း/ကျောက်မျက်တူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ အချောထည်ပြုလုပ်ခြင်း လုပ်ငန်းများပေါ်ပေါက်စေရေး၊ လုပ်ငန်းများတွင် လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များ ပိုမိုထည့်သွင်းစဉ်းစားနိုင်ရေး၊ လုပ်ငန်းများထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးတို့အတွက် ကျောက်မျက်ရတနာကဏ္ဍ အထောက်အကူပြုရေးကော်မတီ (Supporting Committee) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဦးအောင်ညွန့်သိန်း — ဥက္ကဋ္ဌ
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(ခ) ဦးကျော်သက် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
သတ္တုတွင်းဦးစီးဌာန

(ဂ) ဦးမင်းသူ အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(ဃ) ဒေါက်တာဇော်လင်းအောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

(င) ဦးစိုးနိုင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(စ) ဦးခင်မောင်လွင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ဦးဇော်မင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဇ) ဦးလင်းထွဋ် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(စျ) ဦးလဖိုင်ခွန်ဆာ အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(ည) ဦးလှစိုးဦး အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၁)
မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(ဋ) ဒေါက်တာအောင်ကျော်ဝင်း အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၃)
မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(ဌ) ဦးဇော်ဘိုခန့် အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၅)
မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(ဍ) ဒေါက်တာဖြူဖြူမြင့် အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(ဃ) ဦးစည်သူမြတ် — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(ဏ) ဦးအောင်ကျော်မိုး (ခ) ကိုမိုး — အဖွဲ့ဝင်
မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ
အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA)

(တ) ဦးကေဇော်လွန်း — အဖွဲ့ဝင်
မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ
အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA)

(ထ) ဦးရဲသိန်းဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ
အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA)

(ဒ) ဒေါ်မီမီသိန်း — အဖွဲ့ဝင်
မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ
အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA)

(ဓ) ဦးသက်ခိုင် — အတွင်းရေးမှူး
ဒုတိယအထွေထွေမန်နေဂျာ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(န) ဦးမော်ထွန်းအောင် — တွဲဖက်အတွင်းရေးမှူး (၁)
သဘာဝသယံဇာတအရင်းအမြစ်များစီမံခန့်ခွဲမှုဌာန (NRGI)

(ပ) ဦးမုန်ဒန် — တွဲဖက်အတွင်းရေးမှူး (၂)
ကချင်ပြည်နယ်၊ ကိုယ်စားလှယ်
မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ
အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA)

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကျောက်စိမ်း/ကျောက်မျက်ကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးစေရန်အတွက် Policy ချမှတ်နိုင်ရန် Gems and Jade Policy ကိုပြုစု၍ ဝန်ကြီးရုံးသို့ အကြံပြုတင်ပြရန်၊

(ခ) Gems and Jade Policy ကို ရေးဆွဲနိုင်ရန်အတွက် နေပြည်တော်တွင် Jade Conference ကျင်းပရေးနှင့် ကျောက်စိမ်း၊ ကျောက်မျက်ထွက်ရှိရာဒေသနှင့် ကျောက်မျက်လုပ်ငန်းဖွံ့ဖြိုးသည့် ဒေသများတွင် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရန်၊

(ဂ) Supporting Committee သည် **ပူးတွဲ** ပါ လုပ်ငန်းတာဝန်များကို (Terms of Reference TOR) လိုက်နာဆောင်ရွက်ရန်။

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၈) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

**အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ ဖွဲ့စည်းခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Job Creation Sector Coordination Group-JCSCG) အောက်တွင် လုပ်သားများ၏ ကျွမ်းကျင်မှုမြှင့်တင်ရေးနှင့် လုပ်သားဈေးကွက်လိုအပ်ချက်ဖြည့်ဆည်းရေးတို့ကို ထိရောက်စွာဖော်ဆောင်နိုင်ရန်အတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနည်းပညာကဏ္ဍ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ (Skill Development Sub Sector Coordination Group-SDSSCG) အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အင်ဂျင်နီယာချုပ်<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုလယ်ယာဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>သမဝါယမဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး (အလုပ်အကိုင်နေရာချထားရေးဌာနခွဲ)<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ညွှန်ကြားရေးမှူး (လုပ်သားအင်အားကောက်ယူပြုစုရေးဌာနခွဲ) အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
နည်းပညာဖွံ့ဖြိုးရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဎ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဏ) အင်ဂျင်နီယာမှူး အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(တ) အင်ဂျင်နီယာမှူး (တူးဖော်ရေး) အဖွဲ့ဝင်
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဓ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(န) လက်ထောက်အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) အဖွဲ့ဝင်
မြန်မာ့သစ်လုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ပ) လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဖ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဗ) အထွေထွေအတွင်းရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်

| | | |
|---|---|---|
| (ဘ) | အတွင်းရေးမှူး<br>မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (မ) | တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)<br>ဆောက်လုပ်ရေးဆိုင်ရာဥပဒေအကြံပြုရေးနှင့်<br>နည်းပညာများလေ့ကျင့်ရေးကော်မတီ | အဖွဲ့ဝင် |
| (ယ) | တွဲဖက်အထွေထွေအတွင်းရေးမှူး (၂)<br>ဆောက်လုပ်ရေးဆိုင်ရာဥပဒေအကြံပြုရေးနှင့်<br>နည်းပညာများလေ့ကျင့်ရေးကော်မတီ | အဖွဲ့ဝင် |
| (ရ) | Mr. Rory Mungoven<br>Liaison Officer, Technical Expert<br>International Labour Organization - ILO | အဖွဲ့ဝင် |
| (လ) | Mr. Peter Belle<br>Chief Technical Advisor, Technical Expert<br>International Labour Organization - ILO | အဖွဲ့ဝင် |
| (ဝ) | Daw Naing Yee Mar<br>Deputy Head of TVEF, Technical Expert<br>Germany Embassy - GIZ | အဖွဲ့ဝင် |
| (သ) | Mr. Renate Lefory<br>Technical Expert<br>Swisscontact | အဖွဲ့ဝင် |
| (ဟ) | U Nay Myo Zaw<br>Technical Expert<br>Swisscontact | အဖွဲ့ဝင် |
| (ဠ) | Mr. Sabin Roth<br>Technical Expert<br>Swisscontact | အဖွဲ့ဝင် |
| (အ) | Daw Aye Thin Zar Aung<br>Technical Expert<br>Swisscontact | အဖွဲ့ဝင် |
| (ကက) | Daw Yin Yin Aye<br>Technical Expert<br>Swisscontact | အဖွဲ့ဝင် |
| (ခခ) | Dr. Myint Myint San<br>Technical Expert<br>Asian Development Bank - ADB | အဖွဲ့ဝင် |
| (ဂဂ) | Mr. Paul Penfold<br>Technical Expert, Tourism HR Development Manager<br>Lux Dev | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃဃ) | Mr. Shinichiro NAKAHARA<br>TVET Advisor, Technical Expert<br>Japan International Cooperation Agency - JICA | အဖွဲ့ဝင် |
| (ငင) | Ms. Masako NAKAMURA<br>Labour Administration and Policy Advisor, Technical Expert<br>Japan International Cooperation Agency - JICA | အဖွဲ့ဝင် |
| (စစ) | Mr. Hitoshi Mihara<br>Technical Expert<br>KND | အဖွဲ့ဝင် |
| (ဆဆ) | Mr. Kazuhiro Fukai<br>Technical Expert<br>KND | အဖွဲ့ဝင် |
| (ဇဇ) | Mr. Masahito Miyajima<br>Technical Expert<br>KND | အဖွဲ့ဝင် |
| (ဈဈ) | Mr. Shoichi Tateoka<br>Technical Expert<br>KND | အဖွဲ့ဝင် |
| (ညည) | Mr. Hiromichi Horie<br>Technical Expert<br>KND | အဖွဲ့ဝင် |
| (ဋဋ) | Mr. Ko Suzuki<br>Technical Expert<br>KND | အဖွဲ့ဝင် |
| (ဌဌ) | U Kyaw Kyaw Oo<br>Head of Vocational Training, Technical Expert<br>CVT Myanmar | အဖွဲ့ဝင် |
| (ဍဍ) | Mr. Sue Tym Harry Schwarz<br>Program Director, Technical Expert<br>Aung Myin Hmu | အဖွဲ့ဝင် |
| (ဎဎ) | Mr. Lauren Grace ARMSTRONG<br>Project Development officer<br>Agency for Technical Cooperation and Development-ACTED | အဖွဲ့ဝင် |
| (ဏဏ) | Mr. Paul Cronin<br>Country Director<br>Agency for Technical Cooperation and Development-ACTED | အဖွဲ့ဝင် |
| (တတ) | ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနည်းပညာကဏ္ဍ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ (Skill Development Sub Sector Coordination Group-SDSSCG) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဖွဲ့ခွဲများသည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် DACU မှထုတ်ပြန်ခဲ့သော ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်အပိုဒ် (၅) ပါ လုပ်ငန်းနှင့် တာဝန်များကို လိုက်နာဆောင်ရွက်ရမည်။

( ခ ) အဖွဲ့ခွဲဥက္ကဋ္ဌများသည် အစိုးရဌာနအဖွဲ့အစည်းအသီးသီးက ဦးစားပေးများရွေးချယ်ကာ ကုန်ကျမည့်ဘဏ္ဍာငွေပမာဏများ တွက်ချက်သတ်မှတ်ထားပြီးဖြစ်သည့် အမျိုးသားအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်နှစ်ရပ်လုံးရှိ ကဏ္ဍဆိုင်ရာ စီမံကိန်းများ (Prioritized & costed sector plan) ကို အဖွဲ့ခွဲအတွင်းရှိ အဖွဲ့ဝင်များထံ ဖြန့်ဝေပေးရမည်။ စီမံကိန်းအသစ်များရေးဆွဲရာတွင်လည်းကောင်း၊ ဆောင်ရွက်ဆဲ စီမံကိန်းအကောင်အထည်ဖော်မှုများ ပိုမိုကောင်းမွန်စေရေးအတွက်လည်းကောင်း အဖွဲ့ဝင်များ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်မည်ဖြစ်သော်လည်း စီမံကိန်းများ၏ ပိုင်ဆိုင်မှု (Ownership) သည် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်း (များ) တွင်သာ ရှိစေရမည်။

( ဂ ) မိမိတို့ကဏ္ဍအတွင်းရှိ စီမံကိန်း/အစီအစဉ်များအား ကြီးကြပ်ခြင်းနှင့်အကဲဖြတ်ခြင်းတို့ကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တွေ့ရှိချက်များကို JCSCG၊ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) နှင့် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနသို့ မျှဝေရမည်ဖြစ်သည်။ ဗဟိုစာရင်းအင်းအဖွဲ့ထံသို့လည်း ၎င်းတို့နှင့်သက်ဆိုင်ဆီလျော်သည့် သတင်းအချက်အလက်များ မျှဝေရမည်ဖြစ်သည်။

(ဃ) ကဏ္ဍအတွက်ရရှိသည့် ဖွံ့ဖြိုးမှုအကူအညီများသည် ၎င်းကဏ္ဍစီမံကိန်း အကောင်အထည်ဖော်မှုကို တိုက်ရိုက်နှင့် သေချာစွာ အထောက်အကူပြုစေရမည်။

( င ) အဖွဲ့ခွဲအတွင်းရှိ အဖွဲ့ဝင်များသည် ၎င်းတို့၏ ဖွံ့ဖြိုးမှုအကူအညီလုပ်ငန်းများကို မိမိတို့သက်ဆိုင်ရာ အဖွဲ့ခွဲသို့ အဆိုပြုတင်ပြ၍ ကျန်အဖွဲ့ဝင်များထံမှ အကြံဉာဏ်များရယူရမည်။

( စ ) မိမိတို့ကဏ္ဍခွဲရှိ ဖွံ့ဖြိုးမှုအကူအညီများကို နိုင်ငံခြားအကူအညီ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Aid Information Management System-AIMS) သို့ အချိန်နှင့်တစ်ပြေးညီ တိကျပြည့်စုံစွာ အစီရင်ခံတင်ပြရန်နှင့် ကွာဟချက်များ၊ လုပ်ငန်းထပ်ခြင်းများ၊ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများကို အစီရင်ခံတင်ပြရန် အဖွဲ့ခွဲအတွင်းရှိ အဖွဲ့ဝင်များ၌ တာဝန်ရှိပါသည်။

(ဆ) အဖွဲ့ခွဲများသည် ဆန်းစစ်သုံးသပ်ရန် လိုအပ်မှုများကို ဖော်ထုတ်သတ်မှတ်ပြီး လေ့လာမှုများကို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်။ ထိုမှ တွေ့ရှိချက်များကို အဖွဲ့ဝင်များသို့ ပြန်လည်ရှင်းလင်းတင်ပြရမည်။

( ဇ ) အဖွဲ့ခွဲများအားလုံးအနေဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒနှင့် လျော်ညီရမည်ဖြစ်သည်။

(ဈ) အဖွဲ့ခွဲများသည် သက်ဆိုင်ရာဥက္ကဋ္ဌ တက်ရောက်သည်ဖြစ်စေ၊ မတက်ရောက်သည်ဖြစ်စေ ပုံမှန်အစည်းအဝေးများကို ကျင်းပရမည်ဖြစ်ပြီး ထိုသို့ပြုလုပ်ရာတွင် လုပ်ငန်းလိုအပ်ချက်အလျောက် မျက်နှာစုံညီအစည်းအဝေးများ၊ အဖွဲ့ငယ်များ/အဖွဲ့ခွဲများ စသည့်ပုံစံများဖြင့် တွေ့ဆုံနိုင်သည်။

(ည) JCSCG အဖွဲ့၏ လက်အောက်ရှိ ဦးစားပေးကဏ္ဍခွဲအလိုက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများတွင် သက်ဆိုင်ရာနယ်ပယ်များရှိ ဦးစီးဌာနတစ်ရပ်စီမှ ညွှန်ကြားရေးမှူးချုပ်များက ဥက္ကဋ္ဌအဖြစ်တာဝန်ယူလျက် ၎င်းက တာဝန်ပေးအပ်မည့်သူက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

( ဋ ) အဖွဲ့ခွဲများ၌ အဖွဲ့ဝင်ဖြစ်ခြင်းနှင့်တက်ရောက်ခြင်းဆိုင်ရာ ကိစ္စရပ်များသည် DACU မှ ထုတ်ပြန်ထားသောကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအတွက် လုပ်ငန်းဆောင်ရွက်မှုများဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ဖြစ်ရမည်။

( ၄ ) အဖွဲ့ခွဲများမှ ကျင်းပမည့်အစည်းအဝေးများကို JCSCG အတွင်းရေးမှူးရုံးသို့ ကြိုတင်အကြောင်းကြားရမည်ဖြစ်ပြီး လိုအပ်ပါက JCSCG အဖွဲ့ဝင်များမှ အခါအားလျော်စွာ တက်ရောက်ရမည် ဖြစ်ပါသည်။

( ၃ ) အဖွဲ့ခွဲတစ်ခုချင်းစီသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ကြုံတွေ့ရသည့်စိန်ခေါ်မှုများ၊ အထက်အဆင့်အကြီးအကဲများထံ တင်ပြဆုံးဖြတ်ချက်ရယူရမည့် သို့မဟုတ် အခြားသောကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များနှင့် ချိတ်ဆက်လုပ်ဆောင်ရမည့်ကိစ္စရပ်များပါဝင်သည့် လစဉ်တင်ပြချက် အကျဉ်းချုပ် အစီရင်ခံစာကို JCSCG သို့ တင်ပြရမည်ဖြစ်သည်။

(ပုံ) ဒေါက်တာသန်းမြင့်

ဥက္ကဋ္ဌ

အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

အမှတ် ၇၂ ။ ။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၈) ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ရုံးအုပ် (၂) ဦးတို့အား အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရာထူး/ဌာနသို့ အလုပ်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်မြတ်ဇင်အေး<br>ရုံးအုပ် | ဦးစီးအရာရှိ<br>လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဒေါ်ဝါဝါမြင့်<br>ရုံးအုပ် | ဦးစီးအရာရှိ<br>လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၆ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျန်းမာရေးလှုပ်ရှားမှုအားအရင်းအမြစ်ဦးစီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တိုင်းရင်းဆေးပညာဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(ည) အမြဲတမ်းအတွင်းဝန် (၁) — အတွင်းရေးမှူး (၁)
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် (၂) — အတွင်းရေးမှူး (၂)
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဌ) ဒုတိယအမြဲတမ်းအတွင်းဝန် (ကျန်းမာရေး) — တွဲဖက်အတွင်းရေးမှူး (၁)
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဍ) ဒုတိယအမြဲတမ်းအတွင်းဝန် (အားကစား) — တွဲဖက်အတွင်းရေးမှူး (၂)
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၂။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း များနှင့် ညီညွတ်စွာဆောင်ရွက်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များအတိုင်း စိစစ်ကြပ်မတ်မှုများ ပြုလုပ်သွားရန်ဖြစ်ပါသည် -

(က) ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ဆောင်ရွက်ချက်များသည် ဥပဒေ၊ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ် ကြပ်မတ်၍ လိုအပ်သည်များညွှန်ကြားရန်၊

(ခ) ကော်မတီသည် စီမံကိန်းအရ အကောင်အထည်ဖော်ရမည့်လုပ်ငန်းများတွင် သက်ဆိုင်ရာလုပ်ငန်း အဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့်လျော်ညီစွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို စဉ်ဆက်မပြတ်သိရှိဆောင်ရွက်သွားရန်၊

(ဂ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေး ဆိုင်ရာ အသုံးစရိတ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲမှုရှိစေရေး၊ လျာထားချက် ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးတို့ကို ကြပ်မတ်ဆောင်ရွက်ရန်နှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန်၊ အဆိုပြုချက်များကို အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများပြုလုပ်သွားရန်၊

(ဃ) နိုင်ငံတော်ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်း (နိုင်ငံခြား/ပြည်တွင်း) ဝယ်ယူခြင်း ကိစ္စရပ်များအား ဈေးနှုန်းများစိစစ်ခြင်းလုပ်ငန်းများ၊ ရသုံးခန့်မှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေး ကြပ်မတ်ရန်၊

(င) ဝန်ကြီးရုံးနှင့်ဦးစီးဌာနများတွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းကိစ္စရပ်များ၊ အငြိမ်းစားယူခြင်းကိစ္စရပ်များ၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာ လုပ်ငန်းများကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(စ) ကော်မတီသည် ထိရောက်စွာစီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှုနှင့် လေလွင့်ဆုံးရှုံးမှု များကို ထိရောက်စွာထိန်းချုပ်နိုင်ရေးတို့အတွက် လေ့လာသုံးသပ်၍ နည်းလမ်းများရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရန်၊

(ဆ) နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲရသော ကိစ္စရပ်များ၊ ဝယ်ယူရေး၊ တင်ဒါရွေးချယ်ရေးနှင့် လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီ စိစစ်ကြပ်မတ်ခြင်း၊ လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းများကို စနစ်တကျ ဆောင်ရွက်သွားရန်၊

(ဇ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်။

၃။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို ရက်သတ္တ (၂) ပတ်လျှင် (၁) ကြိမ် ကျင်းပသွားရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၈) အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင် အား ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အာဆီယံ - တရုတ်ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဘောင်သဘောတူစာချုပ်အရ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုနယ်မြေကို ထူထောင်ရန်အလို့ငှာ ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေအခန်း (၂)၊ ပုဒ်မ ၃ နှင့် ၄ တို့တွင် အပ်နှင်းထားသောလုပ်ပိုင်ခွင့်များအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ပူးတွဲပါ မြန်မာနိုင်ငံ၏ အကောက်ခွန်နှုန်းလျှော့ချ/ဖယ်ရှားမှုအစီအစဉ် (Myanmar's Tariff Reduction Schedules for Products under the Trade in Goods Agreement of the Framework Agreement on Comprehensive Economic Co-operation between the Association of Southeast Asian Nations and the People's Republic of China) ကို ပြဋ္ဌာန်းသတ်မှတ်လိုက်သည်။

၂။ အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းသတ်မှတ်ချက်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

# ACFTA Tariff Reduction Schedule (H.S 2012)
## Myanmar

| Hs Code 2012 | Stat. Code | Description | Unit of Quantity | MFN Rate (%) | Category | Base Rate | 2010 | 2011 | 2012 | 2013 | 2014 | 2015 | 2016 | 2017 | 2018 | 2019 | 2020 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **01** | | **LIVE ANIMALS** | | | | | | | | | | | | | | | |
| 01.01 | | Live horses, asses, mules and hinnies. | | | | | | | | | | | | | | | |
| | | - Horses : | | | | | | | | | | | | | | | |
| 0101.21.00 | 00 | - - Pure-bred breeding animals | u | zero | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.29.00 | 00 | - - Other | u | zero | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.30 | | - Asses: | | | | | | | | | | | | | | | |
| 0101.30.10 | 00 | - Pure-bred breeding animals | u | zero | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.30.90 | 00 | - - Other | u | zero | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.90.00 | 00 | - Other | u | zero | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 01.02 | | Live bovine animals. | | | | | | | | | | | | | | | |
| | | - Cattle: | | | | | | | | | | | | | | | |
| 0102.21.00 | 00 | - Pure-bred breeding animals | u | zero | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0102.29 | | - - Other: | | | | | | | | | | | | | | | |
| 0102.29.10 | 00 | - - - Male cattle (including oxen) | u | zero | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0102.29.90 | 00 | - - - Other | u | zero | EHP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| | | - Buffalo: | | | | | | | | | | | | | | | |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် ( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၆၈/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

၁။ ရခိုင်ပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်အောင် အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၉၅/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့၊ လာလောင်းထွီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၂၂/ထင်ချောင်း၊ ဦးပိုင်အမှတ် (၂)၊ မြေကွက်အမှတ် (၈)၊ **မြေဧရိယာ (၃. ၂၇၈) ဧက** အား **ထင်ချောင်း ဘုန်းကြီးကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၉၆/၂၀၁၈)

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်၊ အကွက်အမှတ်/အမည်-၆/ ရိက္ခာ၊ ဦးပိုင်အမှတ် (၂၄/၁၄၄)၊ **မြေဧရိယာ (၃. ၈၀) ဧက** အား **မြို့ဦးအောင်မင်္ဂလာစေတီနှင့် ထေရဝါဒ**

**ဗုဒ္ဓသာသနာပြုဇဟိုကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၇/၂၀၁၈)

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့၊ အရှေ့ပြင်ရပ်ကွက်၊ အကွက်အမှတ်/အမည်-၄/ အရှေ့ပြင်၊ ဦးပိုင်အမှတ် (၄၁၂)၊ **မြေဧရိယာ (၀. ၇၀၇) ဧက** အား **မြို့ဦးသာသနာ့ရိပ်သာကျောင်း/မြို့ဦးဘုန်းတော်ကြီးကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၈/၂၀၁၈)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ဝါးချက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၇၇၅/ဝါးချက်မြောက်၊ ဦးပိုင်အမှတ် (၆၅/၁) မှ မြေဧရိယာ ၀. ၈၉ ဧက၊ ဦးပိုင်အမှတ် (၆၆/၁) မှ မြေဧရိယာ ၀. ၆၅ ဧက၊ **စုစုပေါင်းမြေဧရိယာ ၁. ၅၄ ဧက** အား **ပညိန္ဒာရာမချောင်ကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၉/၂၀၁၈)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ မုတ္တမကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၉၃၂/ဆီဆုံကွင်း)၊ မြေကွက်အမှတ် ( ၁၈၃/၁၉၇ ) ရှိ **မြေဧရိယာ (၂. ၂၈) ဧက** အား **အောင်မိဋ္ဌာန်စေတီတော်မြတ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်၊ ကုန်းကျိုင်းကျေးရွာအုပ်စု၊ နောင်ယာဆိုင်းကျေးရွာ၊ ကွင်းအမှတ်/အမည်-၅၀ဃ/ကုန်းကျိုင်းအရှေ့တောင်၊ မြေကွက်အမှတ်-၁၅၇ ရှိ **မြေဧရိယာ (၄. ၁၅) ဧက** အား **နောင်ယာဆိုင်းဘုန်းတော်ကြီးကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၁/၂၀၁၈)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့၊ သစ်တပွေရပ်ကွက်၊ ကွင်းအမှတ်/အမည်-၁၄/အိုးဘိုစု၊ ဦးပိုင်အမှတ်-၉၇/၂၉၅၊ မြေကွက်အမှတ်-၁၂၆/၃၀၅ ရှိ **မြေဧရိယာ (၀. ၈၁၂) ဧက** အား **ကံဦးတိုက်သစ်ကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ဝဲရက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-(၁၃၁၆/ဝဲသွန်ချောင်ကွင်း)၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ (၁. ၈၉) ဧက** အား **အာသောကာရာမ**

**မွန်ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၈၀၈/အုတ်ရှစ်ကုန်းကွင်း)၊ ဦးပိုင်အမှတ် (၇၉/၂၊ ၈၀/၁၊ ၈၁/၁၊ ၈၂/၂) ရှိ **မြေဧရိယာ (၁. ၁၀) ဧက** အား **ကျွန်းကုန်းဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

အမှတ် ၉ ။　။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်းမှအောက်ပါဆရာမ (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | အစမ်းခန့်အပ်သည့်နေ့ | အတည်ပြုခန့်အပ်သည့်နေ့ |
|---|---|---|---|
| ၁။ | ဒေါက်တာသန္တာဦး<br>ပါမောက္ခ<br>မြန်မာစာဌာန | ၂၀-၁၀-၂၀၁၇ | ၂၀-၁၀-၂၀၁၈ |
| ၂။ | ဒေါက်တာသန်းသန်းနွယ်<br>ပါမောက္ခ<br>ရူပဗေဒဌာန | ၂၀-၁၀-၂၀၁၇ | ၂၀-၁၀-၂၀၁၈ |

သိန်းဌေးဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန။

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

အမှတ် ၆ ။　။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၈)၊ ဆုံးဖြတ်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လုပ်ငန်းဌာန (၄) မှ ဦးဝင်းကျော်သွင်၊ ညွှန်ကြားရေးမှူးအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မတ်လ ၉ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ (နံနက်ပိုင်း) မှစ၍ ယင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ရဲနိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

အမှတ် ၁၇ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ရွေးချယ်ခန့်ထားသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိ (မြို့ပြ) ရာထူး၌ခန့်ထားပြီး ယှဉ်တွဲဖော်ပြပါ ရုံးများတွင် တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် | တာဝန်ချထားမည့်ရုံး |
|---|---|---|
| ၁။ | ဦးစိုးမြင့်အောင်<br>၄/တတန (နိုင်) ၀၅၈၀၁၉ | စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ |
| ၂။ | ဦးမြတ်ဘုန်း<br>၉/အမဇ (နိုင်) ၀၃၀၉၆၆ | စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ |
| ၃။ | ဦးသီဟ<br>၅/မရန (နိုင်) ၂၉၀၁၁၉ | စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ |
| ၄။ | ဦးဟိန်းထက်<br>၇/ကပတ (နိုင်) ၀၈၆၇၃၈ | ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့။ |
| ၅။ | ဦးသူရစိုး<br>၁၂/ကမတ (နိုင်) ၀၆၈၀၉၄ | ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့။ |
| ၆။ | ဦးပေါင်သွဲ့ထန်<br>၅/ကလထ (နိုင်) ၁၇၉၅၂၇ | စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ |
| ၇။ | ဦးဟိန်းစိုးထက်<br>၉/ပသက (နိုင်) ၁၁၃၃၁၃ | ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ |
| ၈။ | ဦးကျော်သူရစိုး<br>၁၂/လကန (နိုင်) ၁၉၃၆၈၃ | ညွှန်ကြားရေးမှူး၊ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးမြို့။ |
| ၉။ | ဦးမင်းဝေသိန်း<br>၉/ခအဇ (နိုင်) ၀၂၅၃၂၃ | ညွှန်ကြားရေးမှူး၊ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးမြို့။ |
| ၁၀။ | ဦးဟောရှန်းခိုင်<br>၈/တတက (နိုင်) ၁၈၂၄၆၅ | ညွှန်ကြားရေးမှူး၊ ဇလဗေဒဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့။ |
| ၁၁။ | ဦးရဲဖြိုးအောင်<br>၉/မခန (နိုင်) ၂၂၈၁၇၄ | ညွှန်ကြားရေးမှူး၊ ဇလဗေဒဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့။ |
| ၁၂။ | ဦးထက်မြတ်အောင်<br>၉/တတဉ (နိုင်) ၁၂၀၃၈၄ | ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့။ |
| ၁၃။ | ဦးရန်နိုင်ဦး<br>၅/ကလထ (နိုင်) ၂၂၇၈၄၀ | ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့။ |
| ၁၄။ | ဦးအောင်ခန့်သော်ဝင်း<br>၁၂/ဒဂရ (နိုင်) ၀၁၉၅၃၈ | ညွှန်ကြားရေးမှူး၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့။ |

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

အမှတ် ၁၈ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်စွဲပါ စာအမှတ် - ၁/၁၉၀ (က) (၄) (၂၃၈၆/၂၀၁၈) (လဆ) အရ နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ စီမံရေးရာဌာနခွဲမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ရုံးအုပ် ဒေါ်မာမာအေး အား အမှန်တကယ်စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိ (စီမံ) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

အမှတ် ၁၉ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၂၄၇၄/၂၀၁၈) အရ အောက်ဖော်ပြပါ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) များအား လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရုံး |
|---|---|---|
| ၁။ | ဦးမြင့်လွင် (၃) | ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ |
| ၂။ | ဦးကျော်လင်းဦး | ညွှန်ကြားရေးမှူးရုံး၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့။ |

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

အမှတ် ၂၀ ။ ။ ပျဉ်းမနားမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၅) ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုနိုင် အား မိမိ၏အလုပ်ဝတ္တရားများအပြင် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ခံစားမည်ဖြစ်သော ပျဉ်းမနားမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၅)၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ကြည်၏ အလုပ်ဝတ္တရားများကို ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၂၁ ။ ။ ပျဉ်းမနားမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၅)၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၏ အလုပ်ဝတ္တရားများကို ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုနိုင်သို့ လွှဲပြောင်းပေးပြီးသည့်နောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ကြည် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈) ခွင့်ခံစားခြင်းနည်းဥပဒေ (၈၇) (၈၉) တို့အရ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

အမှတ် ၅၄၇ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၂၃/၂၀၁၈) အရ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးတင်အောင် အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး တိုက်ကြီးမြို့၊ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင် စေလိုက်သည်။

သက်နိုင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန။

## မြန်မာ့စာတိုက်လုပ်ငန်း
### အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

မြန်မာ့စာတိုက်လုပ်ငန်း၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁၃/၂၀၁၇)၊ စာအမှတ်၊ မစတ/၀ထ-၀၂/ခန့်ထား/လ-ထဂျ/၂၀၁၇/၉၈၁ (က) အရ အစမ်းခန့်ထားသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၀င် အောက်ဖော်ပြပါ လက်ထောက်မန်နေဂျာ (၅) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး၊ လစာနှုန်း | ဌာန |
|---|---|---|---|
| ၁ | ဒေါ်ဆုနန္ဒာအောင် | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | နိုင်ငံတကာဆက်ဆံရေးနှင့်<br>ဥပဒေဌာန၊ ရုံးချုပ် |
| ၂ | ဒေါ်သန္တာအေး | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ဝန်ထမ်းစီမံခန့်ခွဲမှုဌာန၊ ရုံးချုပ် |
| ၃ | ဦးမျိုးသူ | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ဘဏ္ဍာရေးဌာန၊ ရုံးချုပ် |
| ၄ | ဦးအောင်စိုး | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | စာရွေးစာပို့လုပ်ငန်း၊ ရန်ကုန် |
| ၅ | ဒေါ်မိုးသန္တာဆွေ | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | လုပ်ငန်းသစ်တိုးချဲ့ရေးနှင့်<br>ဈေးကွက်ဌာန၊ ရုံးချုပ် |

ခမ်းအောင်၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့စာတိုက်လုပ်ငန်း။

**[ ယခင်အပတ် ပြည်တွင်းအခွန်များဦးစီးဌာန၊ လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ် ၂/၂၀၁၈၊ လှူဒါန်းငွေနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က ပါပြဋ္ဌာန်းချက် အလို့ငှာ ဝင်ငွေခွန် တွက်ချက်မှုတွင် နုတ်ပယ်ခွင့်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် ယင်းကိစ္စများနှင့် သက်ဆိုင်သည့် ရန်ပုံငွေအဖြစ် သတ်မှတ်ခြင်းမှ အဆက် ]**

၉။ **ခွင့်ပြုနိုင်သည့် ကုသိုလ်ရေးဆိုင်ရာ လှူဒါန်းခြင်းများ။** လှူဒါန်းမှုအများစုသည် သဘောသဘာဝ အားဖြင့် ကုသိုလ်ရေးဆိုင်ရာ လှူဒါန်းမှုမြောက်ပြီး အများပြည်သူအကျိုးအတွက် ဖြစ်ပါသည်။ သို့ရာတွင် ဘာသာရေးအဖွဲ့အစည်းများ သို့မဟုတ် သတ်မှတ်ချက်များနှင့်ကိုက်ညီသော ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်း များသို့ လှူဒါန်းခြင်း သို့မဟုတ် လှူဒါန်း ထည့်ဝင်ငွေများကိုသာ ဝင်ငွေခွန်တွက်ချက်မှုတွင် နုတ်ပယ်ခွင့်ရှိမည် ဖြစ်ပါသည်။

၁၀။ ပေးကမ်းလှူဒါန်းခြင်းအားဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပြန်လည်ရယူခြင်းမရှိစေရ။ ထို့အပြင် အကျိုးအမြတ် သို့မဟုတ် အခွင့်အရေး တစ်စုံတစ်ရာမျှော်လင့်၍ ပေးကမ်းလှူဒါန်းခြင်းမျိုးမဖြစ်ရ။ အသိအမှတ်ပြုသော ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းများသို့ အကြွင်းမဲ့ ပေးကမ်းလှူဒါန်းခြင်းများ (unconditional donations) ကိုသာ နုတ်ပယ်ခွင့် ပြုပါသည်။

၁၁။ ယေဘုယျအားဖြင့် ဘုရားကျောင်း၊ စေတီနှင့် ဘုန်းကြီးကျောင်းကဲ့သို့ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများသို့ ပေးကမ်းလှူဒါန်းခြင်းကို နုတ်ပယ်ခွင့်ပြုပေးမည် ဖြစ်ပါသည်။ ဘုန်းကြီးများသို့ ပေးကမ်းလှူဒါန်းခြင်းသည်လည်းကောင်း၊ ရန်ပုံငွေထူထောင်၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ လုပ်ဆောင်မှုများကို ဆောင်ရွက်သည့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များသို့ ပေးကမ်းလှူဒါန်းခြင်းများကို လည်းကောင်း နုတ်ပယ်ခွင့်ပြုပါသည်။

၁၂။ ခွင့်ပြုနိုင်သည့် ကုသိုလ်ရေးဆိုင်ရာ ပေးကမ်းလှူဒါန်းမှုတွင် ငွေသားဖြင့် မဟုတ်သော ပေးကမ်း လှူဒါန်းခြင်းကိုလည်း ခွင့်ပြုနိုင်ပါသည်။ သို့ရာတွင် အလှူရှင်အနေဖြင့် လှူဒါန်းသည့်ပစ္စည်း (asset) ၏ အရင်းအမြစ်၊ ကုန်ကျစရိတ် (သို့မဟုတ် အဆိုပါပစ္စည်းကို လှူဒါန်းသည့်အချိန်တွင် ရှိနေသည့် တန်ဖိုး) တို့ကို တင်ပြပေးရပါမည်။

၁၃။ **နုတ်ပယ်ခွင့်မပြုသော ကုသိုလ်ရေးဆိုင်ရာ လှူဒါန်းမှုများ။** အောက်ဖော်ပြပါ လှူဒါန်းထည့်ဝင်ခြင်း များကို စရိတ်အဖြစ် နုတ်ပယ်ခွင့်မပြုသော လှူဒါန်းမှုများအဖြစ် သတ်မှတ်ပါသည် -

(က) ဘာသာရေးနှင့်မသက်ဆိုင်သည့် အဖွဲ့အစည်း တစ်ခုခုသို့ ပေးကမ်းလှူဒါန်းခြင်း သို့မဟုတ် အထက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုသို့ ပေးကမ်းလှူဒါန်းခြင်းများ၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု သို့မဟုတ် အကျိုးအမြတ် သို့မဟုတ် အခွင့်အရေး တစ်စုံတစ်ရာ ပြန်လည်ရရှိရန် မျှော်လင့်ချက်ဖြင့် ပေးကမ်းလှူဒါန်းခြင်း၊

(ဂ) စာသင်ကျောင်းများ၊ စာကြည့်တိုက်များနှင့် ဆေးရုံများသို့ တိုက်ရိုက် ပေးကမ်းလှူဒါန်းခြင်း သို့မဟုတ် အများပြည်သူဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးကမ်းလှူဒါန်းခြင်း သို့မဟုတ် အများပြည်သူဆိုင်ရာ အဆောက်အအုံများအတွက် ပေးကမ်းလှူဒါန်းခြင်း၊ (ဤပေးကမ်း လှူဒါန်းခြင်းများသည် သဘောသဘာဝအားဖြင့် ကုသိုလ်ရေးဆိုင်ရာ လှူဒါန်းမှုမြောက်သည့်အပြင် အများပြည်သူအကျိုးအတွက် ဖြစ်သည်မှာ သိသာထင်ရှားသော်လည်း သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကုသိုလ်ရေးဆိုင်ရာအဖွဲ့အစည်းများသို့ ပေးကမ်းလှူဒါန်းခြင်း မဟုတ်ပါ။)

(ဃ) ကုသိုလ်ရေးဆိုင်ရာ လုပ်ဆောင်မှုများကို ဆက်စပ်ဆောင်ရွက်သည့် ပုဂ္ဂလိကကုမ္ပဏီများသို့ ပေးကမ်းလှူဒါန်းခြင်း၊ (အဆိုပါ ကုမ္ပဏီများသည် ကုသိုလ်ရေးဆိုင်ရာ လုပ်ဆောင်မှုများကို ဆောင်ရွက်သော်လည်း သတ်မှတ်ချက်များနှင့်ကိုက်ညီသော ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းများ မဟုတ်ပါ။)

(င) အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အစိုးရဝန်ကြီးဌာနများသို့ ပေးကမ်းလှူဒါန်းခြင်း၊

(စ) တစ်ဦးချင်းပုဂ္ဂိုလ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာရှိများ သို့မဟုတ် ၎င်းတို့၏ မိသားစုဝင်များသို့ ပေးကမ်းလှူဒါန်းခြင်း၊

(ဆ) ရိုးရာဓလေ့ပွဲများ သို့မဟုတ် အားကစားပွဲများသို့ ပေးကမ်းလှူဒါန်းခြင်း၊

(ဇ) နိုင်ငံရပ်ခြားရှိ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုသို့ လှူဒါန်းခြင်း။

၁၄။ **ကန့်သတ်ချက်များ။** ပေးကမ်းလှူဒါန်းခြင်းအတွက် လှူဒါန်းသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကသာ နုတ်ပယ်ခွင့်ကို တောင်းခံခွင့်ရှိမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် ကုမ္ပဏီ၏ ဒါရိုက်တာက သို့မဟုတ် ဒါရိုက်တာ၏ အမည်ဖြင့် ပေးကမ်းလှူဒါန်းခြင်းအတွက် ကုမ္ပဏီ၏ ဝင်ငွေခွန်တွက်ချက်ရာတွင် နုတ်ပယ်ခွင့်မရှိပါ။

၁၅။ (က) အခွန်စည်းကြပ်ရန်အလို့ငှာ အခွန်ထမ်း၏ဝင်ငွေကို တွက်ချက်ရာတွင် အသုံးစရိတ်အဖြစ် ဖော်ပြထားသော လှူဒါန်းငွေများကို အသုံးစရိတ်တွင် ထည့်သွင်းတွက်ချက်ခြင်းမပြုဘဲ အခွန်ထမ်း၏ အသားတင်အမြတ်ကို ဦးစွာတွက်ချက်ရမည်။ ထိုသို့ တွက်ချက်ရရှိသည့် အခွန်မကျသင့်မီ အသားတင်အမြတ်မှ နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်က ကမကထ ပြုသော သို့မဟုတ် ဘာသာရေး သို့မဟုတ် သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်း တစ်ခုခုသို့ လှူဒါန်းငွေကို နုတ်ပယ်ပေးရမည်။

(ခ) သို့ရာတွင် ဝင်ငွေနှစ်တစ်နှစ်အတွင်း ကုသိုလ်ရေးဆိုင်ရာ ပေးကမ်းလှူဒါန်းခြင်းအတွက် အများဆုံး နုတ်ပယ်ခွင့်ပြုသည့် ပမာဏသည် အခွန်ထမ်း၏လုပ်ငန်းမှ အသားတင်အမြတ်၏ ၂၅ ရာခိုင်နှုန်းထက် ပိုမိုခြင်းမရှိစေရ။ ထို့အပြင် ဝင်ငွေမရှိပါကလည်းကောင်း၊ လုပ်ငန်းမှ အရှုံးပေါ်ပေါက်ပါကလည်းကောင်း နုတ်ပယ်ခွင့် မရှိစေရ။

၁၆။ **မှတ်တမ်းအထောက်အထားတင်ပြခြင်း။** ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ ပေးကမ်းလှူဒါန်းခြင်းအတွက် အခွန်နုတ်ပယ်ခွင့်တောင်းခံရာတွင် သက်ဆိုင်ရာဘာသာရေးအဖွဲ့အစည်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကုသိုလ်ရေးဆိုင်ရာအဖွဲ့အစည်းတို့က ပေးကမ်းလှူဒါန်းငွေကို လက်ခံရရှိကြောင်း ထုတ်ပေးသည့် ဂုဏ်ပြုမှတ်တမ်းလွှာ သို့မဟုတ် ပြေစာဖြတ်ပိုင်းကဲ့သို့သော မှတ်တမ်းအထောက်အထား တင်ပြရမည်။

၁၇။ လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်များနှင့် ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါအတိုင်း ဥပမာဖြစ်စဉ်ဖြင့် ရှင်းလင်းဖော်ပြပါသည် -

(က) **နမူနာ - ၁**

(၁) **ဖြစ်စဉ်။** ဦးကိုကိုသည် "A" ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် မိသားစု ဘုရားဖူးအဖြစ် ပုဂံဒေသသို့ သွားရောက်စဉ် မျက်စိရောဂါသည် ကျေးရွာပြည်သူအချို့အား တွေ့ရှိရာ သဒ္ဓါတရားထက်သန်သူပီပီ အဆိုပါမျက်စိဝေဒနာရှင်များ မျက်လုံးခွဲစိတ်ကုသမှုခံယူနိုင်ရန် ဦးကိုကို ၏ မိသားစုများကောင်းမှုအဖြစ် ကျေးရွာအုပ်ချုပ်ရေးမှူးထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပါသည်။ ထိုသို့ လှူဒါန်းငွေကို "A" ကုမ္ပဏီသည် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကြေညာလွှာ တင်သွင်းရာတွင် ဝင်ငွေမှ နုတ်ပယ်ထားသည်။

(၂) **လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်။** လှူဒါန်းငွေသည် ကျေးရွာရှိ မျက်စိဝေဒနာရှင် ပြည်သူများ ကျန်းမာရေးအတွက် လှူဒါန်းခြင်းဖြစ်သော်လည်း မိသားစုအလှူအဖြစ် ထည့်ဝင်လှူဒါန်းမှုဖြစ်ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးထံ လှူဒါန်းခဲ့ခြင်းသာဖြစ်ရာ သတ်မှတ်ချက်နှင့် ကိုက်ညီသော ကုသိုလ်ရေး အဖွဲ့အစည်းသို့ လှူဒါန်းမှုမဟုတ်ခြင်းတို့ကြောင့် နုတ်ပယ်ခွင့် ခွင့်မပြုပါ။

၁၈။ ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

မင်းထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်<br>( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

Notice Under Section 206 (1) of The Myanmar Companies Act

**MYANMAR NATIONAL INDUSTRIAL GASES LTD.**

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the Company held on (21-1-2019), the resolution that Company was wound up voluntarily and U Zin Wai (Certified Public Accountant) was appointed as a Liquidator was passed on Extraordinary General Meeting Resolution. For above resolution, all persons claiming to be creditors of the above Company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below at the day on (25-2-2019) or before that day.

MR. LEE CHEE FATT
MANAGING DIRECTOR
MYANMAR NATIONAL INDUSTRIAL GASES LTD.

U ZIN WAI
(B.Com, C.P.A)
Certified Public Accountant
Liquidator
No. (295), (1st Floor), Anawrahtar Road,
Lanmadaw Township, Yangon.

## ဟန်ဒုန်း အီးအန်စီ ကုမ္ပဏီလီမိတက်

## (HANDONG E&C CO.,LTD)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဟန်ဒုန်း အီးအန်စီ ကုမ္ပဏီလီမိတက်** (HANDONG E&C CO.,LTD) အား (၃၁) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ခင်သန့်ဇင်ဦး အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၅. ၂. ၂၀၁၉) ရက်နေ့နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်သန့်ဇင်ဦး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဟန်ဒုံး အီးအန်စီ ကုမ္ပဏီလီမိတက်

## MYANMAR INVESTMENT AND DEVELOPMENT CO., LTD

(In Members Voluntary Winding-Up)

Notice of Special Resolutions Pursuant to Section 206 (1)

An extraordinary Final and General Meeting of shareholders and directors may be held at **Myanmar Investment and Development Co., Ltd** of (Yangon) at (9:00) am on No. 36, Garden Street, Bahan Township, Yangon, Myanmar, to be attendes. At the extraordinary final and General Meeting liquidator may submit a liquidator's report and make final liquidator of company.

It is announced that any payable and liabilites concerning with company shall demand at last on (25-2-2019) to the liquidator.

Managing Director
Myanmar Investment and
Development Co., Ltd.

Daw Sandar Aye
(B.Com, C.P.A)

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၂၅-၁-၂၀၁၉။